မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ် ဥစ္စာလည်းရှိသောသူသည် သွားလေ ရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၄၃)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ် များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ် လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်

**တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့်စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည်ဖြစ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ China Texmatech Co., Ltd. မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော် များ၊ မိတ္ထီလာမြို့နယ်မှရပ်မိရပ်ဖများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်)

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးပညာရှင်များမွေးထုတ်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့်စီးပွားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံတော်၏စီးပွားရေးမောင်းနှင်အား တိုးတက်လာစေရန်ရည်ရွယ်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် ပို့ကုန်မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ပြီး စီးပွားရေးပညာရှင်များသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ အဆိုပါလိုအပ်ချက်များအတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဦးဆောင်ပြီး ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ၃၉ ခုမှ B.A(Economic) ဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သည်။ အနာဂတ်ကာလတွင် အဆိုပါစီးပွားရေးဘွဲ့ရသူများအနေဖြင့် တတ်သိထားသည့်စီးပွားရေးအသိအမြင်၊ အတွေးအမြင်များကိုအသုံးချပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်လာနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၁၃ ရက်ကကျင်းပသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနား၌ ချီးမြှင့်ပြောကြားသည့်မိန့်ခွန်းတွင် **"စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား၊ ကျောင်းသူတွေဟာ တိုင်းပြည်ရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ကဏ္ဍပေါင်းစုံမှာပါဝင်ဆောင်ရွက်အကျိုးပြုနေကြတာကိုတွေ့ရှိရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်းပြောကြားလိုပါတယ်။ အလားတူ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရများဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ထင်ရှားကျော်ကြားသူများအဖြစ် ပါဝင်နေတာကိုလည်းတွေ့ရပါတယ်"** ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်သမိုင်းအစကိုပြန်ကြည့်ပါက ၁၉၂၃-၁၉၂၄ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဘာသာရပ်အနေဖြင့် စတင်သန္ဓေတည်ခဲ့သည်။ ထိုအချိန်က ဘောဂဗေဒပညာရပ်တစ်ခုတည်းကိုသာသင်ကြားပို့ချခဲ့ရာမှ ၁၉၄၀-၁၉၄၁ ပညာသင်နှစ်တွင် ဝါဏိဇ္ဇဗေဒပညာရပ်နှင့် ၁၉၅၃ ခုနှစ်တွင် စာရင်းအင်းပညာရပ်တို့ကို တိုးချဲ့သင်ကြားပို့ချပေးနိုင်ခဲ့သည်။ ထို့နောက် ၁၉၅၅ ခုနှစ်တွင် ဝါဏိဇ္ဇဗေဒဌာန၊ ၁၉၅၆ ခုနှစ်တွင် စာရင်းအင်းပညာဌာနတို့ကို သီးခြားဌာနကြီးများအဖြစ် ဖွဲ့စည်းနိုင်ခဲ့သည်။ အဆိုပါဌာနကြီးသုံးခုအပြင် စိတ်ပညာဌာန၊ နိုင်ငံရေးသိပ္ပံနှင့်ရာဇဝင်ဌာန၊ မနုဿဗေဒနှင့် လူမှုရေးရာဌာနတို့ကိုပေါင်းကာ လူမှုရေးသိပ္ပံမဟာဌာနအဖြစ် ၁၉၅၈ ခုနှစ်တွင် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေအရ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် သီးခြားတက္ကသိုလ်တစ်ခုအဖြစ် စီးပွားရေးတက္ကသိုလ်ဆိုသည့်အမည်နှင့် စတင်ပေါ်ပေါက်လာပြီး ၁၉၆၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှစတင်ပြီး ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ စီးပွားရေးတက္ကသိုလ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးပညာရပ်များဖြန့်ဖြူးရာ တစ်ခုတည်းသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်အဖြစ်ရပ်တည်နိုင်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှာပင် အထောက်အကူပြုဌာနလေးခုဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီနှင့်သင်္ချာဌာနတို့နှင့်ပေါင်းစပ်ဖွဲ့စည်းခဲ့သည့်အတွက် သင်ကြားရေးဌာန ခုနစ်ခုအထိရှိလာခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)တွင် သုတေသနနှင့်စီမံခန့်ခွဲမှုပညာဌာနကိုဖွင့်လှစ်ခဲ့ပြီး နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် တက္ကသိုလ်များပြင်ဆင်သည့်ဖွဲ့စည်းပုံသစ်အရ ပင်မဌာနများအဖြစ် အသုံးချဘောဂဗေဒဌာန၊ ယခင်သုတေသနနှင့်စီမံခန့်ခွဲမှုဌာနကို စီမံခန့်ခွဲမှုပညာဌာနအဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် အသုံးချစာရင်းအင်းပညာဌာနတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည့်အတွက် သင်ကြားရေးဌာနစုစုပေါင်း ၁၀ ခုအထိရှိလာခဲ့သည်။ ထို့ပြင် နိုင်ငံတော်ကကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်လိုက်လျောညီထွေဖြစ်စေရန် ၂၀၁၁ ခုနှစ်တွင် စာရင်းကိုင်ပညာဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့၊ ဖွံ့ဖြိုးမှုပညာဘွဲ့၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့၊ လူဦးရေပညာဘွဲ့သင်တန်းများနှင့် ၂၀၀၃ ခုနှစ်တွင် စာရင်းကိုင်ပညာမဟာဘွဲ့၊ ၂၀၀၄ ခုနှစ်တွင်လူဦးရေပညာမဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့သည်။

နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်များနှင့် ဈေးကွက်လိုအပ်ချက်များကို အကောင်အထည်ဖော်ဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်စီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်နှင့် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA)သင်တန်းကို ၁၉၉၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ယခုအခါ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ရရှိသူများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ရရှိသူများ၊ ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ရရှိသူများ များစွာမွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့သင်တန်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံ့စီးပွားရေးအတွက်လိုအပ်သည့်အခြားသောဘွဲ့သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးနေသည့်အတွက် စီးပွားရေးပညာရှင်များလိုအပ်မှုကို ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့်ဆက်နွယ်တက္ကသိုလ်များမှ မွေးထုတ်ပေးလျက်ရှိသည်ကို ကြိုဆိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။




# စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်းဆင်း

**လွိုင်လင် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေး ဦးစီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ကျေးလက်နေပြည်သူများစိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာများ ရရှိစေရန်ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေး သင်တန်းဆင်းပွဲကို ဒီဇင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ခေါင်းနွဲ့ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က သင်တန်းသား၊ သင်တန်းသူများကို အလုပ်အကိုင်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မည့် သင်တန်းသားများကိုလည်း အရင်းအနှီးများထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများ ထံသို့ ပေးအပ်သည်။

အဆိုပါ သင်တန်းကို လွိုင်လင်မြို့နယ်အတွင်းရှိ ခေါင်းနွဲ့ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင်ဖျော်ရည်ပြုလုပ်နည်း၊ သဘာဝမြေသြဇာ၊ ပိုးသတ်ဆေးပြုလုပ်နည်းနှင့်သုံးစွဲနည်းများ၊ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းအမျိုးမျိုး၊ သီးနှံအထွက်နှုန်းတိုးတက်စေရန် ဆောင်ရန်ရှောင်ရန်များနှင့် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစသည့် နည်းပညာများကိုလည်းကောင်း၊ တိရစ္ဆာန်များ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ရမည့် နည်းလမ်းများနှင့်ကောင်းမွန်သော မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်နည်းပြဆရာများက ခုနစ်ရက်ကြာ သင်ကြားပို့ချပေးကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၂-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၆:၀၃ | တရားတော် |
| ၃။ | ၇:၂၀ | ဓမ္မပူဇာတေး |
| ၄။ | ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၇:၅၀ | မြန်မာ့ရှုခင်း |
| ၆။ | ၈:၁၅ | အမျိုးသားရေးတေးကဗျာ |
| ၇။ | ၈:၂၅ | ဆောင်းပါးပေါ်က စာစုများ |
| ၈။ | ၉:၄၅ | Sharing Knowledge |
| ၉။ | ၁၂:၀၀ | ၁၂ လရာသီမှတ်တမ်း |
| ၁၀။ | ၁၂:၂၅ | ကျန်းမာသုတ |
| ၁၁။ | ၁၄:၁၀ | ဇာတ်လမ်းတို |
| ၁၂။ | ၁၆:၂၅ | Sport Review |
| ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၄။ | ၁၈:၄၀ | မွေးမြူသုတ |
| ၁၅။ | ၁၉:၁၀ | **(၃၈) ဖြာမင်္ဂလာ** |

**ကာလေန မွေ့သဿဝနံ**

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၁၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရိပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၁၂၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၁၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရိုးရာခြင်းလုံးကစားနည်းကို အရှေ့တောင်အာရှတင်မဟုတ်ဘဲ အာရှအဆင့်ပြိုင်ပွဲတွေမှာ ပါဝင်နိုင်ဖို့ အဘက်ဘက်ကနေ အင်တိုက်အားတိုက်လှုပ်ရှားနေပါတယ်။

ဒေါ်ခင်အေးမူ(ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန)မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး

နေပြည်တော် ဒီဇင်ဘာ ၁၆

**ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-**

**ဒေါ်ခင်အေးမူ(ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန) မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တွဲဖက် အတွင်းရေးမှူး**

မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲမှာ အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲ၊ အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲပါတယ်။ ပြိုင်ပွဲတွေကို ဒီဇင်ဘာလ ၁၅ ရက်ကနေ ၁၈ ရက်အထိ လေးရက်ကျင်းပမှာပါ။ ပြည်နယ်နဲ့တိုင်းတွေကနေ အမျိုးသမီး ခုနစ်သင်း၊ အမျိုးသား ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ပြိုင်ပွဲမှာ ဒိုင်အဖွဲ့ဝင် ၂၈ ဦးက တာဝန်ယူဆောင်ရွက်သွားမှာပါ။ ပြိုင်ပွဲမှာ သတိပြုရမယ့်အချက်တွေအနေနဲ့ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ ကွမ်း၊ ဆေးလိပ်၊ တားမြစ်ဆေးဝါးတွေ သုံးစွဲမှုမရှိဖို့ အားကစားသမားတိုင်း ဆင်ခြင်ရပါမယ်။ အထူးသဖြင့် ခြင်းလုံးခတ်ပြိုင်ပွဲဟာ မြန်မာ့ရိုးရာအားကစားနည်းဖြစ်တဲ့အတွက် အမျိုးသားတွေ နားကပ်ဝတ်ဆင်တာ၊ ဆံပင်တွေ အရောင်ဆိုးတာခွင့်မပြုပါဘူး။ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဟာ မြန်မာနိုင်ငံမှာကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ စပြီးတော့ပါတယ်။ ပြီးရင် စင်ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား စုစုပေါင်းလေးကြိမ်ပါတယ်။ လာမယ့်နှစ် ဆီးဂိမ်းမှာပါဖို့လည်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ကြိုးစားနေပါတယ်။ မြန်မာပြည်ဆီးဂိမ်းမှာ အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး ရွှေခြောက်ခု၊ စင်ကာပူမှာ အမျိုးသားပွဲကနေ ရွှေနှစ်ခုလုံးယူပါတယ်။ မလေးရှားမှာလည်း အမျိုးသားပွဲကနေ ရွှေနှစ်ခုယူပါတယ်။ ကမ္ဘောဒီးယားမှာ အမျိုးသား၊ အမျိုးသမီးနဲ့ နှစ်ခုပေါင်း mixed ပြိုင်ပွဲပြိုင်တဲ့အခါ ရွှေလေးခု၊ ငွေသုံးခု၊ ကြေးတစ်ခုရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲတိုင်းပါဝင်ဖို့ကြိုးစားတယ်။ ပြည်တွင်းမှာရော အခုဆို အရှေ့တောင်အာရှတင်မဟုတ်ဘဲ အာရှအဆင့်ပြိုင်ပွဲတွေမှာ ပါဝင်နိုင်ဖို့လည်း ဆပ်ကော်မတီတွေဖွဲ့စည်းထားတဲ့အပြင် အဖွဲ့ချုပ်ကိုလည်းအသစ်ဖွဲ့စည်းထားပြီး အဘက်ဘက်ကနေ အင်တိုက်အားတိုက်လှုပ်ရှားနေပါတယ်။



ဒေါ်ခင်အေးမူ



ဒုတိယအရာခံဗိုလ်မိုးကျော်



ကိုစစ်မင်းပိုင်



ဦးအောင်မျိုးသူ



ကိုဇော်လင်းနိုင်



ကိုရွှေရိုး

**ဒုတိယအရာခံဗိုလ်မိုးကျော် (ပြေးခုန်ပစ်နည်းပြ၊ ကာကွယ်ရေးဝန်ကြီးဌာန)**

ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားအားကစားပွဲတော်မှာ ထည့်သွင်းကျင်းပတဲ့ ပြေးခုန်ပစ်အားကစားနည်း ၂၀ မှာ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိတယ်။ ရလဒ်ကောင်းခဲ့လို့လည်း ဂုဏ်ယူဝမ်းသာမိပါတယ်။ လေ့ကျင့်မှုကို တစ်နှစ်လောက်ကတည်းက ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့တယ်။ ကိုယ်စားပြုကစားသမားတွေလည်း စံချိန်တွေချိုးနိုင်အောင် ကြိုးစားထားကြပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနကနေ ပထမ၊ ဒုတိယ၊ တတိယရတဲ့ ကစားသမားတွေကို ဒီအဆင့်အောင်မြင်ပြီးရင် အရှေ့တောင်အာရှပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ရှိတယ်။ အမျိုးသားအားကစားပွဲတော်ကို ပဉ္စမအကြိမ်မြောက် ပြန်လည်ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေနဲ့ အားကစားဝန်ကြီးဌာနက လူကြီးတွေအားလုံးကိုကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ကစားသမားဘဝတုန်းက ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်အားကစားပွဲတော်တွေမှာ ကစားသမားအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ ကာကွယ်ရေးအသင်းမှာ လက်ရွေးစင်ကစားသမားတွေရှိပေမယ့် အသက်အရွယ်အရ နောင်လာမယ့်ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ဖို့အတွက် မျိုးဆက်သစ်ကစားသမားတွေမွေးထုတ်ဖို့လည်း ရည်ရွယ်ထားတာရှိပါတယ်။

**ကိုစစ်မင်းပိုင်(တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ**

အမျိုးသားအားကစားပွဲတော်ပွဲစဉ်(၁၇)မှာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို နှစ်ပွဲပြတ်နဲ့နိုင်ပြီးသွားပါပြီ။ ကျွန်တော်တို့ ကြိုတင်စုဖွဲ့လေ့ကျင့်မှု တစ်လခွဲနှစ်လလောက်ရှိပါပြီ။ ကျွန်တော်တို့အသင်းမှာ နည်းပြ၊ အုပ်ချုပ်သူနဲ့ဆိုရင် စုစုပေါင်း ၁၂ ယောက်ပါဝင်ပါတယ်။ ဒါက နိုင်ငံတော်အဆင့် အမျိုးသားအားကစားပွဲတော်ကြီးဆိုတော့ တစ်မျိုးသားလုံးတက်တက်ကြွကြွနဲ့လာရောက်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်စရာကောင်းတယ်။ ဒီပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဖို့ကောင်းပါတယ်။ ပြိုင်ဘက်အသင်းတွေက ကစားသမားတွေအားလုံးကလည်း တကယ့်ကို ကစားသမားကောင်းတွေဖြစ်တော့ ပြိုင်ပွဲမှာအနိုင်ရဖို့ကမလွယ်ပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအနေနဲ့ ရွှေမရရင်တောင် ငွေနဲ့ကြေးတစ်ခုခုရဖို့ မျှော်လင့်ပြီးတော့ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**ဦးအောင်မျိုးသူ(လက်ထောက်ညွှန်ကြားရေးမှူး)နည်းပြ၊ ပြန်ကြားရေးဝန်ကြီးဌာန ပိုက်ကျော်ခြင်းအသင်း**

ကျွန်တော်တို့အသင်းမှာ အုပ်ချုပ်သူ၊ နည်းပြ၊ကစားသမား စုစုပေါင်း ၁၃ ဦးစုပေါင်းပြီးတော့ ပြိုင်ပွဲမစခင် တစ်လကျော်လောက် လေ့ကျင့်ထားပါတယ်၊ ဒီဇင်ဘာလ ၁၅ ရက်အထိ သုံးပွဲယှဉ်ပြိုင်ပါတယ်။ ကလေးတွေ ကြိုးစားကြပါတယ်၊ ကျွန်တော်တို့ပြန်ကြားရေးဝန်ကြီးဌာနက ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဂေါက်သီးရိုက်ပြိုင်ပွဲ အားကစားနည်း ခြောက်နည်းစလုံး ဝင်ရောက်ယှဉ်ပြိုင်ပါတယ်၊ ဒီအမျိုးသားအားကစားပွဲတော်ဟာ မျိုးဆက်သစ်လူငယ်တွေ၊ တိုင်းနဲ့ပြည်နယ်က လူငယ်တွေပါတာဆိုတော့ နိုင်ငံတကာပြိုင်ပွဲတွေအတွက် မျိုးဆက်သစ်အားကစားသမားတွေရှာဖွေလို့ရသွားတယ်၊အားကစားလုပ်တာကောင်းပါတယ်၊ ကျန်းမာရေးအတွက်လည်းကောင်းတယ်၊ ဝန်ထမ်းတွေလည်း အားကစားပွဲတွေ အားပေးကြတာမြင်ရတော့ဝမ်းသာပျော်ရွှင်ရတယ်။

**ကိုဇော်လင်းနိုင်(ပဲခူးတိုင်းဒေသကြီး) ရိုးရာခြင်းလုံးပြိုင်ပွဲဝင်**

ရိုးရာခြင်းလုံးခတ်ကစားတာ အသက် ၁၂နှစ်လောက်ကတည်းကဆိုတော့လေးနှစ်ရှိပြီ။ ကျွန်တော့်အသက်က အခု ၁၆ နှစ်ပြည့်တော့မယ်။ ရိုးရာခြင်းလုံးကစားနည်းကို ဆရာဦးမောင်ကြိုင်၊ ဆရာမ မကလျာနွယ်တို့က သင်ပေးတာပါ။ ကျွန်တော်က ခြင်းလုံးခတ်တာကို ဝါသနာပါတယ်ခင်ဗျ။ ကျွန်တော်တို့ ရိုးရာခြင်းလုံးအသင်းမှာ အမျိုးသားရှစ်ဦး၊ အမျိုးသမီးခြောက်ဦးပါတယ်။ ပြိုင်ပွဲမှာ ကစားနည်းဆယ်မျိုးထဲက မန္တလာခြေဖျား၊ မြင်းစီးဖနောင့်၊ သမင်လည်ပြန်ဖနောင့်၊ လျှပ်ထိပ်တင်ဒူးစတဲ့ ကစားနည်းခြောက်မျိုးခတ်ရတယ်။ ကျွန်တော်အကြိုက်ဆုံးအကွက်က မန္တလာအကွက်၊ အဲ့ဒီအကွက်က စသင်တုန်းကတော့ခက်တယ်။ ခတ်တတ်သွားတဲ့အချိန်မှာတော့ ခက်ခဲတယ်ဆိုတာမရှိတော့ပါဘူး။ ပဲခူးတိုင်းကိုယ်စားပြုအနေနဲ့ဆုတံဆိပ်ရအောင်ကြိုးစားသွားမှာပါ။

**ကိုရွှေရိုး (ဘော်လီဘောပြိုင်ပွဲဝင်) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

ကျွန်တော်တို့ ဝန်ကြီးဌာနအသင်းက အသက် ၂၅ နှစ်အောက် လူငယ်တွေဆိုပေမယ့် ကောင်းကောင်းမွန်မွန်နဲ့ တက်တက်ကြွကြွကစားနိုင်ကြတယ်၊ ကျွန်တော်တို့အသင်းအနေနဲ့ လေ့ကျင့်ချိန်က တစ်လနဲ့ ဆယ်ရက်ပဲရှိတယ်။ အမျိုးသားအားကစားပွဲတော်က အလွတ်တန်းပြိုင်ပွဲဆိုတော့ အကြီးတန်းတွေလည်း အများကြီးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အသင်းက ကွာတားဖိုင်နယ်ကိုတက်ပါတယ်။ အခြားပြိုင်ပွဲတွေမှာလည်း ဝန်ကြီးဌာနကိုယ်စားပြုအသင်းအနေနဲ့ ယှဉ်ပြိုင်ဖြစ်ပါတယ်။ ဝန်ကြီးဌာနကိုယ်စားပြုအနေနဲ့ စတုတ္ထအဆင့်ရဖူးတယ်၊ ဒီနှစ်တော့ တခြားအသင်းတွေကလည်း စီနီယာကစားသမားတွေများတော့ ကျွန်တော်တို့အသင်းက ဆီမီးဖိုင်နယ်အထိပဲ တက်ရောက်နိုင်မယ်လို့မျှော်လင့်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကြီးဟာ ရလဒ်ကောင်းတွေများတယ်။ လူငယ်တွေရဲ့ စွမ်းဆောင်နိုင်မှုတွေ၊ အားကစားအပေါ်မှာ စွဲလမ်းတဲ့အမြင်တွေကိုတွေ့ရတယ်။ တချို့ကလေးတွေက အားကစားအပေါ်မှာပဲ ရှူးသွပ်ပြီးတော့ ပညာရေးမှာအားနည်းသွားတာတွေလည်းတွေ့ရတယ်၊ ကျောင်းသားလူငယ်တွေ ပညာရေးလည်း မပျော့ပါနဲ့၊ အားကစားကိုလည်း ပုံမှန်လုပ်ဆောင်ပါလို့ တိုက်တွန်းလိုပါတယ်။

**တွေ့ဆုံမေးမြန်း**
**ခင်ရတနာ၊ ဇင်ဦး၊**
**ဟိန်းထက်ဇော်၊ မျိုးထက်ဦး**
**ဓာတ်ပုံ-ဟိန်းဇင်ထက်**


## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဒီဇင်ဘာ ၁၆

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်




**ယမန်နေ့မှအဆက်**

၂၀၀၈ ခုနှစ်အရောက်မှာတော့ ကျွန်တော်၏ အဖြစ်ချင်ဆုံးဆန္ဒအတွက် ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်လိုက်ပါပြီ။ ကျောင်းလမ်းမဟုတ်ဘဲလျက် ကျောင်းလမ်းဟု မှားယွင်းစွာခေါ်နေကြသော မှတ်တိုင်ကို ငုဝါမြိုင်လမ်းထိပ်တွင်ရှိသဖြင့် ငုဝါမှတ်တိုင်ဟုအမည်တပ်ပြီး မှတ်တိုင်စိုက်ထူလိုက်သည်။ ဤလုပ်ငန်းကိုဆောင်ရွက်ရာတွင် ရပ်ကွက်လူကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် အတူ ဝိုင်းဝန်းစိုက်ထူလိုက်ကြခြင်းပင်ဖြစ်ပေသည်။ ခရီးသည်များ ကားစောင့်ချိန် နားနေရန်အတွက် ဂိတ်တဲတစ်လုံးကိုပါ ဆောက်လုပ်လိုက်သည်။ ယင်းအချိန်အခါက ကုန်ကျငွေ ငွေကျပ် နှစ်သိန်းကျော်သာ ရှိသည်။ ကုန်ကျငွေအားလုံးကို ကျွန်တော်ကပဲ လှူဒါန်းမှုတစ်ခုအဖြစ် သတ်မှတ်လှူဒါန်းခဲ့သည်။ မှတ်တိုင်ဖွင့်ပွဲကိုလည်း ရပ်ကွက်လူထုနှင့်အတူ ပြုလုပ်ခဲ့သည်။ ဤသို့ မှတ်တိုင်ဆိုင်းဘုတ်တင်နိုင်ရေး၊ ဂိတ်တဲဆောက်နိုင်ရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံသွားရောက်ပြီး ခွင့်ပြုချက်ရယူကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပေသည်။

ငုဝါမှတ်တိုင်ဟု အမှတ်သညာမှည့်ပြီး စိုက်ထူချိန်တွင် ကားသမားများအားလည်းကောင်း၊ ခရီးသည်များအားလည်းကောင်း ငုဝါမှတ်တိုင်ဟု ပြောပြီး ခရီးသည်အတင်အချ၊ အတက်အဆင်းပြုလုပ်ကြရန် ကွန်ပျူတာစာစီစာရွက်တစ်ရွက်စီပေးဝေပြီး မေတ္တာရပ်ခံလိုက်၏။ ဒဂုံမြို့သစ်(တောင်ပိုင်း) လှော်ကားလမ်းတစ်လျှောက်ဘတ်စကားဂိတ်တိုင်းသို့လည်း ကျွန်တော်ကိုယ်တိုင်သွားရောက်ပြီး ကျောင်းလမ်းမှတ်တိုင်အစား ငုဝါမှတ်တိုင်ဟုခေါ်ပြီး ပြေးဆွဲပေးကြပါရန် မေတ္တာရပ်ခံပါ၏။ အမှားကို အမှန်သို့ပြောင်းလဲစေလိုသော စေတနာဆန္ဒသည် ကျွန်တော့်ရင်တွင် အပြည့်ရှိနေ၏။ အမှားသည် ကြာလာသော် အမှန်ဖြစ်သွားတတ်သည်မဟုတ်ပါလော။ သို့သော် မှတ်တိုင်စိုက်ထူပြီး တစ်နှစ်ပြည့်သွားသည့်တိုင် ကားသမားရော ခရီးသည်များပါ တစ်စုံတစ်ယောက်သောသူမျှ ငုဝါမှတ်တိုင်ဟု သုံးနှုန်းခြင်းမရှိဘဲ ကျောင်းလမ်းဟူသော အမည်မှားကိုသာသုံးပြီး အမှားသံသရာတွင် လည်နေကြဆဲပင်ဖြစ်ပေသည်။ စေတနာထားပြီးလုပ်သော်လည်း လုပ်သလိုဖြစ်မလာတော့ ကျွန်တော့်ရင်မှာ ဝေဒနာတစ်ခုလို ခံစားလာရသည်။

၂၀၀၉ ခုနှစ်အရောက်တွင် မိမိသည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့သွားပြီး ငုဝါမှတ်တိုင်ကို ကားသမားများ ခေါ်ဝေါ်သုံးနှုန်းနိုင်ရေးအတွက် ညွှန်ကြားပေးပါရန်တင်ပြ၏။ သူတို့ပြန်ကြားချက်စကားက ကျွန်တော့်ရင်ကို ပို၍ပင် လှုပ်ခတ်နာကျင်သွားစေပါသည်။ "တွင်နေတဲ့နာမည်ကို ပြောင်းလဲဖို့ဆိုတာ မလွယ်ဘူး"ဟုသာ ရင်ဝကို ဆောင့်ကန်လိုက်သလိုမျိုး အမှုမဲ့အမှတ်မဲ့ပင် ပြောလိုက်ကြရာ ကျွန်တော့်မှာ ရှက်သလိုလိုတောင် ဖြစ်သွားရပါသည်။

ကျွန်တော်ကား အလုပ်တစ်ခုကိုလုပ်လျှင် မဖြစ်မနေ ဆောင်ရွက်လေ့ရှိတတ်သဖြင့် ဖွဲတော့မလျှော့။ ကျွန်တော်၏ ထွက်ပြီးစာအုပ်များထဲက စာအုပ်ရေ ၁၅၀ ကို ကျွန်တော်နေထိုင်ရာ တောင်ဥက္ကလာပ ဘေလီတံတားထိပ်အနီးမှ ဒဂုံ(တောင်)၊ (၁၀၇) ရပ်ကွက်၊ ငုဝါမှတ်တိုင်သို့ထိ လိုင်းကားသုံးဆင့်စီးပြီး သယ်လာခဲ့၏။ ငုဝါမှတ်တိုင်ဟုခေါ်ပြီး ကားစီးကြပါရန် မေတ္တာရပ်ခံစာရွက်လေးကိုပါ စာအုပ်ကြားတွင် ညှပ်ပြီး ကားသမားများကိုရော ခရီးသည်များကိုပါ တစ်ဦးလျှင် တစ်အုပ်ကျစီ ကျွန်တော်ကိုယ်တိုင် ကားမှတ်တိုင်မှနေ၍ အခမဲ့ဖြန့်ဝေခဲ့ပါ၏။ နောက်ဆုံးတွင်တော့ ကျွန်တော့်ကိုပဲ အားနာလာကြလို့လား၊ သူတို့ပဲ ခေါ်ချင်လာကြလို့ပေလားမသိ။ ကျောင်းလမ်းအစား' ငုဝါမှတ်တိုင်ဟူ၍ တွင်တွင်ကျယ်ကျယ် သုံးလာကြပါတော့သည်။

● ● ● ● ● ● ●

၂၀၁၁ ခုနှစ်တွင် အ.မ.က (၂၃) မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲအဆင့်ထိ တိုးမြှင့်ခံရကာ အဋ္ဌမတန်းအထိ ပညာသင်ခွင့်ရရှိခဲ့ပေသည်။ ပေ ၁၂၀ x ပေ ၃၀ ကျောင်းဆောင်တစ်ဆောင်လည်း ပညာရေးဌာနမှ ထပ်မံဖြည့်ဆည်းပေးခဲ့သည်။ စုစုပေါင်း ကျောင်းဆောင်လေးဆောင်အထိ ဖြစ်လာခဲ့သည်။ ကျောင်းဆောင်လေးဆောင်ကို ဗြဟ္မစိုရ်တရားလေးပါးနှင့်ကိုက်ညီစေရန် မေတ္တာဆောင်၊ သစ္စာဆောင်၊ မုဒိတာဆောင်၊ ဥပေက္ခာဆောင်ဟု အမည်များမှည့်ပြီး အဆောင်လိုက်ရေးထိုးထားလိုက်သည်။ ဆရာ၊ ဆရာမလည်း ၃၈ ဦးအထိ တိုးမြှင့်ခန့်ထားပြီး ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ နီးပါးရှိလာခဲ့သည်။ စာသင်ဆောင်သစ်များအတွက် လိုအပ်သောစာရေးခုံများကိုလည်း ပညာရေးဌာနမှလည်းကောင်း၊ World Vision မှလည်းကောင်း၊ စင်ကာပူနိုင်ငံ Seiko-5 ကုမ္ပဏီမှလည်းကောင်း ရရှိခဲ့သည်။ ပြောရလျှင် ကျောင်းဥပဓိရုပ်နှင့် သင်ကြားရေးပိုင်းတို့တွင် ပြီးပြည့်စုံသည့်အနေအထားမျိုးအထိ ဖြစ်လာခဲ့ပေသည်။ အ.မ.က (၂၃) မှာ မြို့နယ်အတွင်း အကောင်းဆုံး ၁၀ ကျောင်းစာရင်းဝင်ခဲ့လေပြီ။ ကျွန်တော် ၂၀၀၃ ခုနှစ် အ.မ.က (၂၃) သို့ရောက်ချိန်တွင် မြို့နယ်အလိုက် ကျောင်းဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းအညွှန်းကိန်းတွင် အဆင့် ၄၃ သို့ ရောက်နေခဲ့ပေသည်။ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် ထက်၊ လယ်၊ မူ ကျောင်း စုစုပေါင်း ၄၃ ကျောင်းရှိပါသည်။

ကျွန်တော့်မှာ ကျောင်းဆရာပီပီ ကျောင်းဆရာဝါဒကို အပြည့်အဝကျင့်သုံးသူဟု မိမိကိုယ်တိုင်ခံယူဖြစ်သည်။ ကျောင်းဆရာဝါဒဟူသည်မှာ မတတ်သည်ကို တတ်အောင်သင်ပေးသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် မှန်လျှင် အမှန်အမှတ်အသားပေးပြီး မှားလျှင် ကြက်ခြေခတ်တတ်သည်။ ဤသည်မှာ ဓမ္မဓိဋ္ဌာန်ကျသော ကျောင်းဆရာဝါဒပင်ဖြစ်ပါ၏။ မိမိတာဝန်ကျရာ ကျောင်းကိုလည်း တိုးတက်သည်ထက် တိုးတက်အောင် အမြဲကြိုးစားပြီး လုပ်ဆောင်ကြဖို့အရေးသည် ကျောင်းအုပ်တိုင်း၏မဟာတာဝန်ဟု ကျွန်တော်ခံယူသည်။

ကျွန်တော်သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်သို့ ရောက်ရှိလာခြင်းမှာ အ.မ.က (၂၃) အတွက် အိပ်ပျော်နေသောကျားကြီး နိုးလာပြီဟု ကင်ပွန်းတပ်လိုက်ပါရစေ။

■ ■ ■ ■ ■ ■ ■

## လူလူချင်းမေတ္တာစိတ်ထားနိုင်ကြပါစေ

(၁၉-၈-၂၀၁၀)နေ့။

မိုးတွင်းကာလပင်ဖြစ်သော်လည်း မနက်ခင်းက တည်းကပင် ရာသီဥတုသာယာနေသည်။ သို့သော် ကျွန်တော့်မှာ မူးနောက်နေသလိုမျိုး ခံစားနေရ၏။ ကျောင်းသွားရမလား၊ မသွားရဘူးလား စဉ်းစားလိုက်သည်။ တွေဝေနေသည်ကတော့ အမှန်ပင်။ ကျောင်းမှာလည်း စီမံချက်တို့ ဘာတို့ဆွဲရမှာနှင့် အလုပ်ကတော့ ခပ်များများ။ နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချပြီး အမျိုးသမီးကိုခေါ်လိုက်သည်။ ညနေ ၄ နာရီလောက်ဆို ကျောင်းကပြန်လာခဲ့မည်။ မိမိ၏ ဆေးကုသမှုမှတ်တမ်းတွေယူပြီး သဃ်န်းကျွန်းစံပြဈေးမှတ်တိုင်က စောင့်နေရန်ပြောလိုက်သည်။

အမျိုးသမီးက "ဒီလောက်နေမကောင်းတာ တစ်ရက်တလေ နားလိုက်ပါလား"တဲ့၊ ကျွန်တော်က "နားလို့မရဘူး" နံနက် ၇ နာရီမထိုးခင် ကျောင်းအရောက်သွားရမယ်။ ဆရာမတွေ ကျောင်းတက်ကျောင်းဆင်းလက်မှတ်ထိုးစာအုပ်က ရုံးခန်းထဲမှာပဲ။ ဒီကသော့ရမှ ဖွင့်ရမှာ"

"အဲလိုဆိုလည်း အဲဒီစာအုပ် ရုံးခန်းအပြင်ဘက်ထုတ်ထားလိုက်ပေါ့"ဟု အမျိုးသမီးက အတွန့်တက်ပြန်သည်။

"မဟုတ်ဘူးလေကွယ် ဆရာ၊ ဆရာမတွေက ကျောင်းရောက်တော့ တစ်ကြိမ်၊ ကျောင်းဆင်းတော့ တစ်ကြိမ်၊ တစ်နေ့မှာ နှစ်ကြိမ် ကျောင်းအုပ်ရှေ့မှာ လက်မှတ်ထိုးကြရတာ"

ကျွန်တော့်စိတ်ဓာတ်ကိုသိသဖြင့် အမျိုးသမီးက ဆက်မပြောတော့ချေ။

အိမ်မှ ဘေလီတံတားထိပ်မှတ်တိုင်သို့ ထွက်လာလိုက်သည်။ မိမိရှေ့သို့ ထိုးဆိုက်လာသော ဒိုင်နာကားတစ်စီးပေါ်သို့ တွယ်ချိတ်တက်လိုက်ပြီး ကားရှေ့ပိုင်းသို့ရောက်အောင် တိုးဝင်လိုက်သည်။ ဒဂုံမြို့သစ် (တောင်ပိုင်း) သို့ ကားပြောင်းစီးရန်အတွက် စံပြဈေးမှတ်တိုင်တွင် ကျွန်တော်ဆင်းလိုက်၏။

စံပြဈေးတွင် ကားသိပ်မစောင့်ရ။ ၃၀-(အဝါ) ဘတ်စကားဝင်လာ၍ ကားပေါ်သို့တက်လိုက်သည်။ မနက်ပိုင်းဆို မြို့ထဲမှ ဒဂုံမြို့သစ်(တောင်ပိုင်း)ဘက်သို့ ပြန်ထွက်ရာတွင် လူချောင်သဖြင့် နေရာရသည်။ ဒီနေ့ ကျွန်တော်နှင့်ခရီးသည်များ ကံကောင်းကြပါသည်။ အကြောင်းသော်ကား ခရီးသည်အပြည့်တင်ပြီး ဆီဆိုင်ဝင် ဆီမထည့်သောကြောင့်ပင်ဖြစ်ပါသည်။ ကံဆိုးသောနေ့များဆို ခရီးသည်အပြည့်ဖြင့် ယဉ်ကျေးမှုတက္ကသိုလ်လမ်းကို ဆုံးအောင်ဝင်ပြီး ဆီထည့်သည်။ ပြီးမှ တစ်ခါပြန်ထွက်လာပြီး အမှတ်(၂)လမ်းမကြီးအတိုင်း ဆက်မောင်းသည်။ ကျောင်းချိန်လည်း နောက်ကျရသည့်အပြင် တခြား အချိန်နှင့်တစ်ပြေးညီလုပ်နေရသော ဌာနတာဝန်များလည်း လစ်ဟာရသည်။

ကျွန်တော့်မှာ ကျောင်းသို့ရောက်ချိန်တွင် ရီဝေဝေဖြစ်နေခဲ့သည်။ သို့သော် လုပ်စရာရှိတာ ဆက်လုပ်သည်။ မွန်းလွဲ ၃ နာရီခန့်တွင် ခေါင်းအရမ်းမူးလာပြီး ရင်ထဲတွင်ဆို့နေကာ ပျို့အန်ချင်သလိုလို ခံစားလာရသည်။ ဆိုက်ကားတစ်စီးခေါ်ပြီး ဂိတ်ဟောင်းမှတ်တိုင်သို့ ပို့ခိုင်းလိုက်သည်။ ဒဂုံမြို့သစ်(တောင်ပိုင်း) တွင် (၁၀၇)ရပ်ကွက် ဂိတ်ဟောင်းမှတ်တိုင်မှစထွက်သော B.M ကားများမှာ ဂိတ်ရင်းဖြစ်၍ နေရာရသည်။ ငုဝါမှတ်တိုင်မှဆိုလျှင် တစ်ဘလောက်ခန့် ဆိုက်ကားစီးပြီး ထွက်ရသည်။ **ဆက်လက်ဖော်ပြပါမည်။**

# ညောင်လေးပင်မြို့နယ်၌ နှစ် (၈၀)ပြည့် စာဆိုတော်နေ့အခမ်းအနားကျင်းပ

ညောင်လေးပင် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ စာရေးဆရာအသင်း (ညောင်လေးပင်မြို့နယ်)မှ ကြီးမှူးကျင်းပသော နှစ် (၈၀) ပြည့် စာဆိုတော်နေ့အခမ်းအနားကို ဒီဇင်ဘာလ ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)အလုပ်အမှုဆောင်ဒေါက်တာမြင့်သန်း( ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌထံမှပေးပို့သော ၁၃၈၆ ခုနှစ် စာဆိုတော်နေ့သဝဏ်လွှာကို စာရေးဆရာမလှမြတ်နွယ်(ညောင်လေးပင်)က ဖတ်ကြားသည်။ ဆက်လက်၍ ဒေါက်တာလှသောင်း(ဘဏ်)က စုတုပြုမှာ မြန်မာဝေါဟာရတွေကွယ်ပျောက်မှာ စိုးကြောက်မိပါတယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာကိုဦး(လင်းသစ္စာ)က ကျွန်တော်နဲ့ ဇာတိရွာခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး ဆရာမလှမြတ်နွယ်(ညောင်လေးပင်)က စာဆိုပညာရှင်ကြီးတစ်ဦး၏ အတ္ထုပ္ပတ္တိနှင့်ကဗျာကိုလည်းကောင်း၊ ဆရာမစန်းမြင့်တင်(နွှားထိုးကြီး)က အချုပ်တန်းဆရာဖေ၏ ဆောင်းရတုပွဲကဗျာကိုလည်းကောင်း၊ ဆရာငြိမ်းဦးခင်(ဒိုက်ဦး)၏ စာပွဲသဘင်ကဗျာကို ဆရာစည်သူဟိန်းကလည်းကောင်း၊ ဆရာနေလင်း( ညောင်လေးပင်)က စာဆိုတော်ပွဲနွဲကြစို့ကဗျာကိုလည်းကောင်း အသီးသီးရွတ်ဆိုကြသည်။ ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က လက်ခံရယူသည်။

ဆက်လက်၍ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် သက်ကြီးစာရေးဆရာကြီးနှစ်ဦးဖြစ်သော ဆရာဦးမြင့်ဟန်နှင့်ဆရာဦးအောင်မြတ်တို့အား ဂါရဝပြုကန်တော့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖူးမြော်၊ အဆင့်မြင့်ပညာနှင့်အခြေခံပညာတို့မှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်တို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖံနှင့် ဦးဇော်အေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အားဖူးမြော်ပြီး အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ စေတီတော်ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြကာ လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယ ဆင်းတုတော်နှင့် အဘယရာဇမုနိဆင်းတုတော်နှစ်ဆူအတွက် စံကျောင်းတော်(၂) ဆောက်လုပ်နေမှုနှင့် နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်၍ အလှူငွေများထည့်ဝင်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် စစ်တွေ တက္ကသိုလ်သို့သွားရောက်ပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ အဆင့်မြင့်ပညာနှင့်အခြေခံပညာတို့မှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ပညာရေးဌာနတွင်တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့ဆရာ၊ ဆရာမများသည် အတတ်ပညာဆိုသည့် ဘာသာရပ်ကျွမ်းကျင်မှုအပြင် ကျောင်းသား၊ ကျောင်းသူများကို စိတ်ပိုင်းဆိုင်ရာအတွေးအခေါ် အယူအဆမှန်ကန်အောင်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများပေါ်ထွန်းလာစေရေးအတွက် စေတနာ၊ မေတ္တာ၊ ကရုဏာထားပြီး သင်ကြားပေးကြသော ဆရာ၊ ဆရာမကောင်းများဖြစ်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ဆရာ၊ ဆရာမများက တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေနှင့် အခြေခံစားကုန်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(မဝ)

# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၅)ကြိမ်မြောက်အစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၅)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် ပြင်ပဥပဒေပညာရှင်အဖွဲ့ဝင် ၁၁ ဦးမှာ In Person ဖြင့်တက်ရောက်ပြီး ကျန်အဖွဲ့ဝင် ၄ ဦးမှာ Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသီတာဦးက ယခင်အင်္ဂလိပ်ကိုလိုနီခေတ်၌ အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းခဲ့သည့်ဥပဒေများအနက် ကော်မရှင်က ဘာသာပြန်ဆိုရန် တာဝန်ရှိသည့်တည်ဆဲဥပဒေစုစုပေါင်း ၈၁ ရပ်ရှိကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ ကော်မရှင်က မြန်မာဘာသာပြန်ဆို၍ အတည်ပြုအမိန့်ထုတ်ပြန်ကြေညာထားသောဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်မည်ဖြစ်ပြီး ထိုသို့ထုတ်ပြန်ကြေညာထားသော ဘာသာပြန်ဆိုချက်ပါ ဖော်ပြချက်တစ်ရပ်သည် မူလစာမူနှင့်ကွဲလွဲပါက အဆိုပါဖော်ပြချက်တစ်ရပ်နှင့်စပ်လျဉ်း၍ မူလစာမူကိုအတည်ယူရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ (The Myanmar Stamp Act)ကိုလည်း စာအုပ်အမှတ်(၁၅)အဖြစ် မကြာမီပုံနှိပ်ထုတ်ဝေနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များက တက်ရောက်ဆွေးနွေးကြပြီး အစည်းအဝေးကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မဝ)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း ၁၁၅ နှစ်မြောက် အထိမ်းအမှတ်ညစာစားပွဲတက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း ၁၁၅ နှစ်မြောက်အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း ၁၁၅ နှစ်မြောက်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ LOTTE ဟိုတယ်၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia၊ တရုတ်ကောင်စစ်ဝန်ချုပ်၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌဦးအိုင်ထွန်း၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌများနှင့် နာယကများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်၏သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသူများနှင့် မြန်မာနိုင်ငံတရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ၊ အကြီးတန်းဒုတိယဥက္ကဋ္ဌများ၊ နာယကများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာစဉ်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသီချင်းဖြင့် အခမ်းအနားကို ဂုဏ်ပြုဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်း ဗီဒီယိုကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

ထို့နောက် မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးတို့အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌတို့က အမှတ်တရကိတ်မုန့်ကို လှီးဖြတ်ပေးခဲ့ကြသည်။

ညစာစားပွဲတွင် မြန်မာ၊ တရုတ်ချစ်ကြည်ရေး တေးသီချင်းများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်ရောက်လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၇) သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၉၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်စနာရီတွင် အဆိုပါတက္ကသိုလ် ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ ဆရာ၊ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၇)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၆၄ ဦး စုစုပေါင်း ၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၆-၁၂-၂၀၂၄ ရက်နေ့အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| တီးတိန်မြို့ | ၅.၀ | ၄၁.၀ |
| ပူတာအိုမြို့ | ၅.၂ | ၄၁.၄ |
| မြစ်ကြီးနားမြို့ | ၆.၇ | ၄၄.၁ |
| မချမ်းဘောမြို့ | ၇.၀ | ၄၄.၆ |
| ပြင်ဦးလွင်မြို့ | ၈.၃ | ၄၆.၉ |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၁)နှစ်ပြည့် အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်ပွဲကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၁၆

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ အပြည်ပြည်ဆိုင်ရာကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၁)နှစ်ပြည့် အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်ပွဲကို ယနေ့ည ၆ နာရီတွင် စေတီတော်ရင်ပြင်၌ကျင်းပသည်။

ရှေးဦးစွာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ အပြည်ပြည်ဆိုင်ရာကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၁)နှစ်ပြည့် အထိမ်းအမှတ် ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road ဥက္ကဋ္ဌ Mr. Chen Entian နှင့် မြန်မာအနုပညာနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဒေါ်အေးသဥ္ဇာသူတို့က ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၁)နှစ်ပြည့် အထိမ်းအမှတ်ဆီမီးထွန်းညှိပူဇော်ပွဲ အခမ်းအနားကို ဒေါ်စောမြတန်ဆောင်း၌ ဆက်လက်ကျင်းပရာ မြန်မာအနုပညာနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဒေါ်အေးသဥ္ဇာသူနှင့် အပြည်ပြည်ဆိုင်ရာကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road ဥက္ကဋ္ဌ Mr. Chen Entian တို့က အပြည်ပြည်ဆိုင်ရာကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road (၁၁) နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ကျေးဇူးတင်ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ Belt and Road ဥက္ကဋ္ဌ၊ မြန်မာအနုပညာနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက ရွှေတိဂုံစေတီတော်ပတ်ပတ်လည်ရှိ ဆီမီးခုံများတွင် အလင်းတန်းဆီမီး ၁၁၀၀၀ ကို ထွန်းညှိပူဇော်ဆုတောင်းမေတ္တာပို့သခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

# တာချီလိတ်မြို့၌ (၁၇) ကြိမ်မြောက် အာခါခါးထောင်းဖားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ




တာချီလိတ် ဒီဇင်ဘာ ၁၆

တာချီလိတ်မြို့နယ် အာခါတိုင်းရင်းသားရိုးရာထိန်းသိမ်းရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အာခါတိုင်းရင်းသားများစုပေါင်း၍ (၁၇)ကြိမ်မြောက် အာခါ ခါးထောင်းဖားပွဲတော်အခမ်းအနားနှင့် ညှော်ခံပွဲကို တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဇန်းမွန်အာခါဟိုတယ်၌ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ယနေ့ညနေပိုင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက (၁၇)ကြိမ်မြောက် အာခါရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် အဖွင့်မိန့်ခွန်းပြောကြားပြီး အာခါတိုင်းရင်းသားရိုးရာထိန်းသိမ်းရေးအဖွဲ့ အကြီးအကဲ ဦးမင်းညိုက နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာခါအမျိုးသားယဉ်ကျေးမှုအဖွဲ့နာယက ဦးမင်းညိုနှင့် တာဝန်ရှိသူများက အာခါလူငယ် ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရသည့် အာခါလူငယ်အသင်းများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး ဘိုးဘေးတို့အား အောက်မေ့ဆုတောင်းခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်နှင့် လာအိုနိုင်ငံတို့မှအာခါတိုင်းရင်းသား လူငယ်မောင်မယ်များနှင့် အာခါအမျိုးသားစာပေယဉ်ကျေးမှု လူငယ်မောင်မယ်များက ခေတ်သစ်၊ ခေတ်ဟောင်း အက/အလှပဒေသာများ၊ တေးသံသာများဖြင့် အာခါခါးထောင်းဖားပွဲတော်မင်္ဂလာအခါသမယကို ကြိုဆိုကြသည်။

အာခါဇန်း ခေါ် အာခါတိုင်းရင်းသားများ၏ မူလအစ ယုံကြည်ကိုးကွယ်မှုဘာသာဖွံ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာသာသနာ၊ စာပေနှင့် ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့များအား လေးစားဂုဏ်ယူနိုင်စေရန်၊ တိမ်မြုပ်နေသောရိုးရာယဉ်ကျေးမှုများအား ပြန်လည်ဖော်ထုတ်နိုင်ရန်နှင့် မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအို-တရုတ်စသည့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသော အာခါတိုင်းရင်းသားများ တစ်နှစ်တစ်ကြိမ်ပြန်လည်ဆုံတွေ့နိုင်ရန် ပွဲတော်ကျင်းပခြင်းဖြစ်ကြောင်း အာခါယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးမင်းညိုက ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အာခါယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးမင်းညိုနှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ စုံလင်စွာတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# နေရာကွက်ကျားမိုးရွာမည်

၁၇-၁၂-၂၀၂၄

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့်ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကျန်းမာရေးအကျိုးကျေးဇူးများသော ခရင်မ်ဘယ်ရီသီး

ဒေါက်တာသိင်္ဂီကျော်

ခရင်မ်ဘယ်ရီသီးသည် သေးငယ်မာကျော၍ လုံးဝိုင်းသော အနီရောင်ဘယ်ရီသီးဖြစ်ပြီး ချဉ်သောအရသာရှိသည်။ ခရင်မ်ဘယ်ရီသီးတွင် ကာဗိုဟိုက်ဒရိတ်နှင့် အမျှင်ဓာတ်အများစုပါဝင်ပြီး ရေဓာတ် ၉၀ ရာခိုင်နှုန်းခန့် ပါဝင်သည်။ ဗီတာမင် C ၊ ဗီတာမင် A ၊ ဗီတာမင် E ၊ ဗီတာမင် K နှင့် မဂ္ဂနိစ်ကဲ့သို့သော သတ္တုဓာတ်များလည်းပါဝင်သည်။ ခရင်မ်ဘယ်ရီသီးကို အများအားဖြင့် ဖျော်ရည်ပုံစံဖြင့် တွေ့မြင်ရသည်။ ခရင်မ်ဘယ်ရီသီးဖျော်ရည်သည် လိမ္မော် သို့မဟုတ် ပန်းသီးဖျော်ရည်ကဲ့သို့ လူကြိုက်များမည်မဟုတ်သော်လည်း ကျန်းမာရေးအကျိုးကျေးဇူးများစွာပေးစွမ်းနိုင်သည့်အရသာရှိသော ဖျော်ရည်ဖြစ်သည်။

ခရင်မ်ဘယ်ရီသီးအပင်သည် အများအားဖြင့် အမေရိကန်နိုင်ငံမြောက်ပိုင်းနှင့် ကနေဒါနိုင်ငံတောင်ပိုင်းတွင် ပေါက်သောနွယ်ပင်ဖြစ်သည်။ ခရင်မ်ဘယ်ရီသီးအစိမ်းသည်ရင့်မှည့်ရန် ၁၆ လခန့် အချိန်ယူရပြီး ဆောင်းဦးပေါက်ရာသီ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ခူးဆွတ်ကြသည်။ ခရင်မ်ဘယ်ရီသီးသည် ဘလူးဘယ်ရီနှင့် ဘီလ်ဘယ်ရီသီးအမျိုးအနွယ်တို့နှင့် ဆက်စပ်မှုရှိသည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ခရင်မ်ဘယ်ရီသီး အများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်သည်။ Wisconsin ပြည်နယ်တစ်ခုတည်းတွင် ၂၀၂၃ ခုနှစ်က စည်ပေါင်း ၅ ဒသမ ၀၁ သန်း ထုတ်လုပ်ခဲ့သည်။ အမေရိကန်လူမျိုးများသည် ခရင်မ်ဘယ်ရီသီးကို အစားအစာ၊ အထည်ဆိုးဆေးနှင့် ဆေးဝါးအတွက် ရှေးဦးစွာအသုံးပြုခဲ့ကြသည်။ သင်္ဘောသားများ ပင်လယ်ပြင်တွင် ဗီတာမင် C ချို့တဲ့မှုမှ ကာကွယ်ရန် ခရင်မ်ဘယ်ရီသီးကိုစားလေ့ရှိသည်။

ခရင်မ်ဘယ်ရီသီးတွင် ကင်ဆာများကို တိုက်ဖျက်နိုင်သော အင်တီအောက်ဆီးဒင့်များ ကြွယ်ဝသည်။ ခရင်မ်ဘယ်ရီသီး၏ အစွမ်းထက်သော ဒြပ်ပေါင်းများသည် နှလုံးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ ကင်ဆာရောဂါနှင့် တခြားသော နာတာရှည်ရောဂါများကို ဖြစ်စေနိုင်သည့် ဖရီးရယ်ဒီကယ်များကို လျှော့နည်းစေပါသည်။ ထို့ပြင် ခရင်မ်ဘယ်ရီသီးတွင်ပါရှိသော ကာဗိုဟိုက်ဒရိတ်၏ သုံးပုံတစ်ပုံခန့်သည် အမျှင်များဖြစ်ပြီး အစာကြေရန် ခက်ခဲသောကြောင့် အစားအစာများကို ခန္ဓာကိုယ်အတွင်း ချောမွေ့စွာဖြတ်သန်းနိုင်ရန် ကူညီပေးသည်။ ဆာလောင်မှုနှင့် သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်ရန်လည်း ကူညီပေးသည်။

**ခရင်မ်ဘယ်ရီသီးတွင်ပါဝင်သော အင်တီအောက်ဆီးဒင့်များ**

ခရင်မ်ဘယ်ရီသီးတွင် ပါဝင်သော အဓိကအင်တီအောက်ဆီးဒင့်မှာ Quercetin ဖြစ်ပြီး ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ပါသည်။ Myricetin သည် ကင်ဆာရောဂါကိုကာကွယ်ရန် ကူညီပေးနိုင်သော တခြားအင်တီအောက်ဆီးဒင့်တစ်ခုဖြစ်သည်။ ခရင်မ်ဘယ်ရီသီးအခွံတွင် Ursolic အက်စစ်ဒြပ်ပေါင်းကိုတွေ့ရှိရပြီး ရောင်ရမ်းခြင်းကိုကုသရန် တစ်ခါတစ်ရံ အသုံးပြုကြသည်။ ခရင်မ်ဘယ်ရီသီးနှင့် ဘလူးဘယ်ရီသီးစသည့် အသီးများတွင် Peonidin နှင့် Cyanidin တို့ပါဝင်သော Anthocyanins အင်တီအောက်ဆီးဒင့် အများအပြားရှိသဖြင့် ကင်ဆာရောဂါကိုဆန့်ကျင်ပြီး ရောင်ရမ်းမှုကိုဆန့်ကျင်သော အာနိသင်ရှိသည်။ သွေးဖိအားကိုလျှော့ချပေးနိုင်ပြီး နှလုံးသွေးကြောကျန်းမာရေးကို တိုးတက်စေနိုင်သည်။ အသည်းရောဂါကို ကာကွယ်ပေးနိုင်ပြီး အမြင်အာရုံကို တိုးတက်စေနိုင်သည်။ တခြားအပင်ဒြပ်ပေါင်းများနှင့်ပေါင်းစပ်ပါက အကျိတ်ကြီးထွားမှုကို နှေးကွေးစေနိုင်ကြောင်း လေ့လာမှုတချို့က ဖော်ပြသည်။ ခရင်မ်ဘယ်ရီသီးတွင်ရှိသော Proanthocyanidins သည် တချို့သော ဗက်တီးရီးယားများအတွက် ဆဲလ်များပေါ်သို့ တွယ်ကပ်ရန်ခက်ခဲစေသည့် ထူးခြားသော ဖွဲ့စည်းမှုတစ်ခုရှိသည်။ တချို့သောလေ့လာမှုများက ယင်းတို့သည် ကင်ဆာရောဂါကြီးထွားမှုကို နှေးကွေးစေနိုင်ကြောင်း ဖော်ပြသည်။

**ဆီးလမ်းကြောင်းပိုးဝင်ခြင်းမှ ကာကွယ်ပေးခြင်း**

ခရင်မ်ဘယ်ရီသီးဖျော်ရည်၏ လူသိအများဆုံး အကျိုးကျေးဇူးမှာ ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို ကာကွယ်ပေးနိုင်ခြင်းဖြစ်သည်။ ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို မကုသနိုင်သော်လည်း ခရင်မ်ဘယ်ရီသီးတွင်ပါရှိသော Proanthocyanidins သည် ဗက်တီးရီးယားတချို့ကို ဆီးအိမ်နံရံတွင်တွယ်ကပ်ခြင်းမှ ရပ်တန့်စေသောကြောင့် ဆီးလမ်းကြောင်းပိုးဝင်ခြင်း မကြာခဏဖြစ်ပွားနေသူများတွင် ကာကွယ်နိုင်သည်ဟု လေ့လာမှုများက ဖော်ပြသည်။ ပဋိဇီဝဆေးများ လိုအပ်နိုင်သည်ရှိ၊ မရှိကို ဆရာဝန်နှင့်ဆွေးနွေးရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မကြာခဏ ဆီးလမ်းကြောင်းပိုးဝင်ခြင်း ဖြစ်ပါက ခရင်မ်ဘယ်ရီသီးဖျော်ရည်ကို အခါအားလျော်စွာသောက်ရန် အကြံပြုနိုင်သည်။

"ခရင်မ်ဘယ်ရီသီးတွင် ကင်ဆာများကို တိုက်ဖျက်နိုင်သော အင်တီအောက်ဆီးဒင့်များ ကြွယ်ဝသည်။ ခရင်မ်ဘယ်ရီသီး၏ အစွမ်းထက်သော ဒြပ်ပေါင်းများသည် နှလုံးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ ကင်ဆာရောဂါနှင့် တခြားသောနာတာရှည်ရောဂါများကို ဖြစ်စေနိုင်သည့် ဖရီးရယ်ဒီကယ်များကို လျှော့နည်းစေပါသည်။ ထို့ပြင် ခရင်မ်ဘယ်ရီသီးတွင်ပါရှိသော ကာဗိုဟိုက်ဒရိတ်၏ သုံးပုံတစ်ပုံခန့်သည် အမျှင်များဖြစ်ပြီး အစာကြေရန် ခက်ခဲသောကြောင့် အစားအစာများကို ခန္ဓာကိုယ်အတွင်း ချောမွေ့စွာဖြတ်သန်းနိုင်ရန် ကူညီပေးသည်။ ဆာလောင်မှုနှင့် သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်ရန်လည်း ကူညီပေးသည်. . ."

**ခံတွင်းကျန်းမာရေးကို ကောင်းမွန်စေခြင်း**

ခရင်မ်ဘယ်ရီသီးသည် ခံတွင်းရှိ အက်စစ်ပမာဏကို လျှော့နည်းစေပြီး သွားများပေါ်တွင် ဗက်တီးရီးယားများ စုပုံနေထိုင်ခြင်းကို တားဆီးပေးသည့် ဓာတုပစ္စည်းများပါဝင်သည်။ သွားဖုံးရောဂါ၊ သွားပိုးစားခြင်းနှင့်ခံတွင်းကင်ဆာရောဂါတို့ကို ကာကွယ်ပေးနိုင်သည်။

**အစာခြေစနစ်ကိုကူညီပေးခြင်း**

ခရင်မ်ဘယ်ရီသီးသည် အူလမ်းကြောင်းကျန်းမာရေးကို နည်းလမ်းများစွာဖြင့် အထောက်အကူဖြစ်စေနိုင်သည်။ အူမကြီး၊ အစာအိမ်နှင့် အူလမ်းကြောင်းကင်ဆာများနှင့်ဆက်စပ်နေသော သည်းခြေမှ အက်စစ်များကို ဖယ်ရှားပေးသည်။ ခရင်မ်ဘယ်ရီသီးသည် ကောင်းမွန်သော ဗက်တီးရီးယားများကို အစာခြေစနစ်ထဲသို့ ပြန်လည်ရောက်ရှိရန် ကူညီပေးနိုင်သည်။ ထို့ပြင် ခရင်မ်ဘယ်ရီသီးသည် အစာအိမ်အနာဖြစ်စေသော Helicobacter pylori ဗက်တီးရီးယားများကို တားဆီးနိုင်သည်။



**ပိုးမွှားများကို ကာကွယ်ပေးခြင်း**

ခရင်မ်ဘယ်ရီသီးသည် Escherichia coli နှင့် Listeria monocytogenes ကဲ့သို့သော ဗက်တီးရီးယားများကို တိုက်ထုတ်ပေးနိုင်သည်။ သုတေသနတချို့က မှိုင်းရပ်စ်များကိုပင် တိုက်ထုတ်နိုင်သည်ဟု အကြံပြုထားပြီး လေ့လာမှုများစွာ လိုအပ်နေသေးကြောင်း သိရသည်။

**နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးခြင်း**

ခရင်မ်ဘယ်ရီသီးတွင် နှလုံးကျန်းမာရေးအတွက် အကျိုးကျေးဇူးနှစ်ခုရှိသည်။ လေ့လာမှုများအရ ကယ်လိုရီနည်းသော ခရင်မ်ဘယ်ရီသီးဖျော်ရည်ကို ပုံမှန်သောက်ခြင်းသည် သွေးဖိအားကို လျှော့ချပေးပြီး ကောင်းသော(HDL)ကို မြှင့်တင်ပေး၍ မကောင်းသော (LDL) ကိုလက်စထရောကို လျှော့နည်းစေသည်ဟု အကြံပြုထားသည်။

**အရေပြားအတွက် အကျိုးကျေးဇူးများ**

ခရင်မ်ဘယ်ရီသီးတွင် ဗီတာမင် C ကြွယ်ဝစွာပါဝင်သဖြင့် ကော်လာဂျင်ပမာဏကို မြှင့်တင်ရန်၊ ရောင်ရမ်းမှုကို လျှော့ချရန်နှင့် ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ရန် အရေပြားကျန်းမာရေးအတွက်အရေးပါသော အာဟာရတစ်ခုဖြစ်သည်။

**ကျန်းမာရေးနှင့်အညီညွတ်ဆုံး စားသုံးနည်း**

လတ်ဆတ်သော ခရင်မ်ဘယ်ရီသီးများသည်ကျန်းမာရေးနှင့် အညီညွတ်ဆုံးဖြစ်သည်။ အခြောက်လှန်းထားသော ခရင်မ်ဘယ်ရီသီးများကို သကြားနည်းသော အစားအစာများဖြစ်သည့် ရိုးရိုးဒိန်ချဉ်၊ Oatmeal ၊ အခွံမာသီးများနှင့်အတူ စားနိုင်သည်။ အခြောက်ခံသောအခါတွင် ခရင်မ်ဘယ်ရီသီး၏ ဗီတာမင်အများစုမှာ ဆုံးရှုံးသွားနိုင်သော်လည်း ပိုတက်စီယမ်နှင့် ကယ်လ်စီယမ်ကဲ့သို့သော တခြားအာဟာရဓာတ်များကို ထိန်းထားနိုင်ပါသည်။ ဖျော်ရည်ကြိုက်လျှင် ခရင်မ်ဘယ်ရီသီး ၁၀၀ ရာခိုင်နှုန်းပါဝင်သောဖျော်ရည် တစ်ခွက်လောက် သောက်နိုင်ပါသည်။ အလွန်ပြင်းလျှင်သောက်ရေသန့် သို့မဟုတ် စပါကလင်ထည့်ပြီး သောက်နိုင်ပါသည်။

**ခရင်မ်ဘယ်ရီသီး၏ ဘေးထွက်ဆိုးကျိုး**

လူအများစုသည် ခရင်မ်ဘယ်ရီသီးကို ယေဘုယျအားဖြင့် ဘေးကင်းစွာစားသုံးနိုင်ပါသည်။ သို့သော် ဗီတာမင် K ပါရှိသောကြောင့် Warfarin သောက်ဆေး၏ သွေးကျဲစေမှုကို အနှောင့်အယှက်ပေးနိုင်ပါသည်။ ခရင်မ်ဘယ်ရီသီးတွင် ကယ်လ်စီယမ်နှင့် ပေါင်းစပ်နိုင်သော Oxalate အမြောက်အမြားပါဝင်သောကြောင့် ခရင်မ်ဘယ်ရီသီးဖျော်ရည်ကို အများကြီးသောက်လျှင် အချိန်ကြာလာသည်နှင့်အမျှ ကျောက်ကပ်တွင် ကျောက်တည်နိုင်ခြေပိုများပါသည်။ Aspirin နှင့် ဓာတ်မတည့်သူများသည် ခရင်မ်ဘယ်ရီသီးနှင့်လည်း ဓာတ်မတည့်မှုဖြစ်တတ်ပါသည်။

ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များတွင် ခရင်မ်ဘယ်ရီသီးဖျော်ရည် အနည်းငယ်သောက်ခြင်းသည် ယေဘုယျအားဖြင့် ဘေးကင်းသော်လည်း ဆရာဝန်နှင့် ဦးစွာစစ်ဆေးခြင်းမရှိဘဲ ဖြည့်စွက်စာအနေဖြင့် သောက်သုံးခြင်းမပြုသင့်ပါ။ ခရင်မ်ဘယ်ရီသီးကို အစာအိမ်ပြဿနာရှိသူများ များများစားလျှင် အထူးသဖြင့် ကလေးများတွင် ဗိုက်နာပြီး ဝမ်းပျက်တတ်ပါသည်။

**ခရင်မ်ဘယ်ရီသီး သိမ်းဆည်းနည်း**

လတ်ဆတ်သော ခရင်မ်ဘယ်ရီသီးကို ရေခဲသေတ္တာထဲတွင် သုံးလအထိ ထားနိုင်သည်။ လေလုံသော ကွန်တိန်နာထဲတွင် အေးခဲထားသော ခရင်မ်ဘယ်ရီသီးသည် တစ်နှစ်အထိ ကြာရှည်သိမ်းဆည်းနိုင်သည်။ ခရင်မ်ဘယ်ရီသီးခြောက်ကို အေး၍ ခြောက်သွေ့သောနေရာတွင် တစ်နှစ်ခန့် သိမ်းဆည်းနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သော ဗီတာမင်၊ သတ္တုဓာတ်၊ အမျှင်ဓာတ်နှင့် အင်တီအောက်ဆီးဒင့်များ ကြွယ်ဝသောကြောင့် ကမ္ဘာတစ်ဝှမ်း ကျော်ကြားလာသော ခရင်မ်ဘယ်ရီသီးများသည် "အစာလည်းဆေး၊ ဆေးလည်းအစာ" ဆိုသကဲ့သို့ သင့်တင့်မျှတစွာ ရွေးချယ်စားသုံးသင့်သောအသီးအနှံများထဲမှတစ်ခုဖြစ်ကြောင်း အာဟာရသုတမျှဝေလိုက်ရပါသည်။

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုကာကွယ်စောင့်ရှောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ရန်ပုံငွေအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ရန်ပုံငွေထည့်ဝင်မှုပါဝင်နိုင်စေရေး ဆောင်ရွက်ခြင်းဖြင့်လည်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသအလိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည့်အတွက် အကြံပြုဆွေးနွေးသွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၀)

# ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံဆွေးနွေး



**စစ်တွေ ဒီဇင်ဘာ ၁၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှက ရခိုင်ပြည်နယ်အတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ဒေသအတွင်းဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရခိုင်၊ မရမာကြီး၊ ခမီနှင့်သက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ် မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံရှိ ခြံစည်းရိုးနှင့် ဂိတ်တံခါး ပြုပြင်ခြင်းလုပ်ငန်း၊ ရုံးအဆောက်အအုံအမိုး၊ မျက်နှာကြက်ပျက်စီးမှု ပြုပြင်ခြင်းလုပ်ငန်းနှင့် အခြားအထွေထွေပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အဓမ္မဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့ အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှ တောင်သူများ ဒုက္ခရောက်နေ”**ခေါင်းစဉ်ဖြင့် ၁၈-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးခေါင်းစဉ်ပြပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများကို မစွန့်လွှတ်နိုင်သေးသူများ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အားကစားမြှင့်တင်ပြည်တစ်ခွင်

* နိုင်ငံ့ဂုဏ်ဆောင် အားကစား
လွန်များပြား ပေါ်ထွန်းလျှင်။
အနာဂတ်တွင် ဂုဏ်ရည်မြင့်
တင့်လှမည်ပင်။
ကြိုးစားလို့ ပြိုင်ပွဲဝင်
ယှဉ်ပြိုင်ကြအများ။
ထူးချွန်စွာ ထက်မြက်လို့
သွက်လက်စေသား။

* လူငယ်တွေ နောင်တစ်ခေတ်
တိုင်းပြည်ချစ်ဖို့ လိုပေသည်။
ဗလငါးတန် ပြည့်ဝထား
အားကိုးယုံကြည်။
အားကစားလည်း ထူးချွန်မည်
ခေတ်မီမီ ကမ္ဘာကိုကြည့်။
တို့မြန်မာ အဆင့်မြင့်မြင့်
တင့်တယ်စေ၏။

* နိုင်ငံတော် တည်ဆောက်ရေး
ဉာဏ်ရည်သွေး ထက်မြက်သူ။
ဒေါင်ဒေါင်မြည် ကျန်းမာရေး
တွေးဆဆောင်ယူ။
ဆွဲဆောင်စည်းရုံး များပြည်သူ
လက်တွဲကူနည်းလမ်းပြ။
လူငယ်တွေ စိတ်ရှင်လန်း
ဆန်းသစ်လှပ။

* အားကစားသည် နိုင်ငံအတွက်
အစွမ်းထက်တဲ့ ထိုအရာ။
နိုင်ငံ့ဂုဏ် မြှင့်တင်ရေး
အားပေးလျက်ပါ။
လူငယ်တိုင်းရဲ့တာဝန်မှာ
ကျေပွန်စွာ ဆောင်ရွက်ပေး။
နိုင်ငံတော် ပြည့်အကျိုးမို့
ကြိုးစားစို့လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## သဇင်(FM)အသံလွှင့်အစီအစဉ် ၁၇-၁၂-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက်

(၁၆-၁၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၈-၁၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၁၂-၂၀၂၄) ရက်နေ့၊ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅၇၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## သနပ်ပင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



**သနပ်ပင် ဒီဇင်ဘာ ၁၆**

သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတက်ရောက်ခဲ့သည်။

ရှေးဦးစွာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးမုခ်ဦးဆိုင်းဘုတ်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားအား သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း သီရိဇေယျာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား/ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သနပ်ပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက်သုတ/ရသစာအုပ်စာစောင်များကိုပေးအပ်လှူဒါန်းပြီး စာရေးဆရာမကြီးနှင့် စာအုပ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အခြေခံပညာအထက်တန်းအဆင့် ပထမဆုရရှိသော ပြိုင်ပွဲဝင်ကျောင်းသူတစ်ဦးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ကျပန်းစကားပြောပြီး ကျောင်းသား၊ ကျောင်းသူများက သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုငွေများချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပလျက်ရှိသော ကျောင်းစာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပညာရေးဆိုင်ရာပြခန်းနှင့် သုတ/ရသ စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဌ၀၁၊ တင်စိုး(ပဲခူး)**

**(၁၆-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၃၇၀,၀၀၀)ကျပ်** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်းနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်ပို့ချ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့်သင်တန်းသား၊သင်တန်းသူများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက သင်တန်းတွင် လုပ်ငန်းခွင်အန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လုပ်ငန်းခွင်အတွင်း လျှပ်စစ်အန္တရာယ်နှင့် လုပ်ငန်းခွင်သုံးဘွိုင်လာများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး၊ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ အခြေခံသဘောတရားဘာသာရပ်များကိုသင်ကြားပို့ချပေးမည်ဖြစ်ကြောင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ YGE Training Center ၌ ဟိုတယ်နှင့်အစားအသောက် ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးပြီး ဟိုတယ်အသီးသီးရှိ လုပ်သားများအနေဖြင့် မိမိတို့၏ကျွမ်းကျင်မှုများဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး သင်တန်းသားများကို သင်ကြားပြသပေးရန် တိုက်တွန်းမှာကြားကာ သင်တန်းကျောင်းတွင် ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ စာတွေ့လက်တွေ့ ပို့ချနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(၅၀၀)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် **"လှပသာယာပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကဲဖြတ်ဒိုင်အဖွဲ့များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် ပြိုင်ပွဲကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသများနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏အနှစ်သာရတို့ကို ပေါ်လွင်စွာ ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ရိုက်ကူးယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ပေးကြသည့် ပညာရှင်ကြီးများက ဓာတ်ပုံတစ်ပုံ၏ ရိုက်ကွင်းရိုက်ကွက်၊ အယူအဆ၊ အလင်းအမှောင်၊ ဖော်ညွှန်းသည့်အကြောင်းအရာ၊ ဓာတ်ပုံကောင်းတစ်ပုံ၏အင်္ဂါရပ်များနှင့်အညီ အကြိမ်ကြိမ် စိစစ်အကဲဖြတ်ပြီး ဆုရဓာတ်ပုံများအဖြစ် ရွေးချယ်သတ်မှတ်ပေးခဲ့ကြကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ဆန်းသစ်သည့် အနုပညာဖန်တီးမှုများနှင့်အတူ တွေ့မြင်ခဲ့ရပြီး ယခုကဲ့သို့ ဆုများချီးမြှင့်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်စိစစ်ရေး ဒိုင်အဖွဲ့ဥက္ကဋ္ဌ ဒါရိုက်တာပန်းချီစိုးမိုးက ဆုများရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က **"လှပသာယာ ပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု(၅)ရရှိသည့် ဦးချမ်းသာ(မိတ္ထီလာ)၊ အထူးဆု (၃) ရရှိသည့် ဦးကျော်နိုင်လင်း(လရိပ်ပြာ)နှင့် အထူးဆု(၂) ရရှိသည့် ဦးစည်သူအောင် (နန်းတော်ရှေ့)တို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးရဲတင့်က အထူးဆု(၁)၊ အထူးဆု(၄)နှင့် တတိယဆုတို့ရရှိသည့် ဦးချမ်းသာ(MDY)၊ ဒုတိယဆုရရှိသည့် ဦးဇာနည်ကိုကိုနှင့် ပထမဆုရရှိသည့် ဦးမျိုးမင်းထိုက်(The Eagle)တို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိသည့် ဦးမျိုးမင်းထိုက် (The Eagle)က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အကဲဖြတ်ဒိုင်အဖွဲ့များနှင့် တာဝန်ရှိသူများက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့် ခင်းကျင်းပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယခု **"လှပသာယာ ပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၆၃ ဦးက ဓာတ်ပုံပေါင်း ၅၉၉ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**(၅၀၀)**




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။

➪ **ကျောဖုံးမှအဆက်**

သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ တန်းကျော်အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဂူရှူးပြိုင်ပွဲကို** ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး နန်းချွမ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် **အမျိုးသားထိုက်ချီချွမ်ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးမှ ကောင်းသုတက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ ခေတ်မင်းခန့်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ လွှမ်းထက်အောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးထိုက်ချီချွမ်ပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးမှ နဒီမြင့်မိုရ်အောင်က ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဖူးဝေကိုက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ သက်လမင်းနွေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘော်လီဘောရုံ၌ ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း TC-1 ကရာတေးရုံ၌ကျင်းပရာ **အမျိုးသားတစ်ဦးချင်း "ခတ" ပြိုင်ပွဲတွင်** ရှမ်းပြည်နယ်မှ မင်းနိုင်ငြိမ်းက ပထမ၊ ကယားပြည်နယ်မှ နိုင်လင်းထွဋ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပိုင်သက်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဘုန်းမြတ်ပိုင်စိုးတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးတစ်ဦးချင်း "ခတ" ပြိုင်ပွဲတွင်** ကယားပြည်နယ်မှ မျိုးရတနာဦးက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကြည်နူးကမ္ဘေကျော်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆုမြတ်သူနှင့် ကချင်ပြည်နယ်မှ လင်းစန္ဒာဌေးတို့က ပူးတွဲတတိယဆုကိုလည်းကောင်းရရှိခဲ့ကြသည်။

**အမျိုးသားအသင်းလိုက် "ခတ" ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ရှမ်းပြည်နယ်အသင်းက ဒုတိယ၊ ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး "ခတ" ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၆၁ ကီလိုအထက် "ကုမိတဲ့" ပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ပန်းအိဖြူက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ အိအိမိုးက ဒုတိယ၊ ကယားပြည်နယ်မှ ခရစ္စတင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဆောင်းနှင်းဖြူတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသား ၅၅ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ အာကာဗိုလ်က ပထမ၊ ရှမ်းပြည်နယ်မှ ဖွဲ့ထက်အောင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ နိုင်သိန်ရှင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးအောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ **အမျိုးသား/သမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့**ပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘိလိယက်ရုံ၌ကျင်းပရာ စနူကာ 6-Red တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6-Red နှစ်ယောက်တွဲပြိုင်ပွဲ၊ 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ၊ 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**စနူကာ 15 – Red တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးက ကချင်ပြည်နယ်မှ သက်ပိုင်ထက်ကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်မှ မျိုးသူရအောင်က ဧရာဝတီတိုင်းဒေသကြီးမှ စိုးမိုးကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်မှ သက်မှူးကြည်လှိုင်က ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်ဦးကို ၃ ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းစျာန်ထက်က ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုအောင်ကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ **ဘိလိယက်နှစ်ယောက်တွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 15 – Red နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလက်ဖွေ့ရုံ၌ကျင်းပရာ **အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင်** မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း (၃/၄) ၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၇ ဂိုး ၆ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များ**ကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၂ ဂိုး ၁ ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၃ ဂိုး ဂိုးမရှိ၊

**စာမျက်နှာ ၁၂ သို့** ➪

# မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ သီလဝါအထူးစီးပွားရေးဇုန် ကြည့်ရှုလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ ၁၁၅ နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသောအသင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၂၅၀ တို့သည် ယနေ့ နံနက်ပိုင်းတွင် သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။



ဦးစွာ စီးပွားရေးလုပ်ငန်းရှင်များအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးခန်းမ၌ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက သီလဝါအထူးစီးပွားရေးဇုန်သို့လာရောက်ကြည့်ရှုလေ့လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။


ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်မှု၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှု၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ ပေးအပ်ထားသည့်ခံစားခွင့်များ၊ လုပ်ငန်းဆိုင်ရာအခွင့်အလမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ လုပ်ငန်းရှင်များအတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် One Stop Service ဌာနများက အချိန်နှင့်တစ်ပြေးညီစီမံဆောင်ရွက်ပေးနေမှုတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းဗီဒီယိုကို ပြသကာ သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီလုပ်ငန်း ၁၁၇ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ထပ်မံခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)







ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

**➪ စာမျက်နှာ ၁၁ မှအဆက်**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၁ ဂိုး ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၇ ဂိုး ၅ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၁ဂိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၇ ဂိုး ၁ ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၂ ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၉ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းသုံးယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ကျင်းပရာ **အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ**တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ **အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်**တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းလိုက် တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ**ကို တင်းနစ်ကွင်း(ဗဟို) ၌ကျင်းပရာ **အမျိုးသားတင်းနစ်ပြိုင်ပွဲ**တွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ **အမျိုးသမီးတင်းနစ်ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ကျင်းပရာ **အမျိုးသား ၈၁ ကီလိုတန်းပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်မှ ခွန်မောင်ခင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ရွှေထက်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ နေလင်းဦးက တတိယ၊ **အမျိုးသား ၈၉ ကီလိုတန်းပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ခိုင်မျိုးဦးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဖြိုးဝေလင်းက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဝင်းသက်ထူးက တတိယဆုကိုရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ပညာသင်ပါ ဘွဲ့ယူပါ

ဘဝမှာပညာတတ်ခြင်းနဲ့ ချမ်းသာပြည့်စုံခြင်းက တိုက်ရိုက်အချိုးမကျပါဘူး။ သို့သော်ဆင်ခြင်တုံတရားပါသောပညာနှင့် နိုင်ငံ့သားကောင်းဖြစ်တည်မှုက တိုက်ရိုက်အချိုးကျပါတယ်။ ဒီပလိုမာဖြစ်ဖြစ်၊ ဘွဲ့တစ်ခုခုရှိရင် မိတ်ဆွေတို့ အလုပ်ရနိုင်ပါတယ်။ သို့ပေမယ့် အဲဒါတွေကြောင့်တော့ မိတ်ဆွေတို့အလုပ်မှာ တိုးတက်အောင်မြင်မှုရလိမ့်မယ်လို့ တထစ်ချအာမခံဖို့ခက်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေမှာ အရည်အချင်းကိုပဲ စိတ်ဝင်စားကြတယ်။ ဒီပလိုမာတွေ၊ ဘွဲ့တွေကို စိတ်မဝင်စားကြပါဘူး။ ဒီနေရာမှာပညာရဲ့သဘောကို ဘယ်လိုပြောကြမလဲ။ တချို့က ပညာဆိုတာ လူတစ်ယောက်ရဲ့ ဦးနှောက်ထဲမှာ သတင်းအချက်အလက်တွေ ဘယ်လောက်များများသိမ်းဆည်းသိုမှီးထားနိုင်သလဲဆိုတာနဲ့ တိုင်းတာကြတယ်။ ဒီလိုပညာဟာ လူငယ်တွေသွားလိုတဲ့ ရည်မှန်းချက်ဆီကို ရောက်အောင်မပို့ဆောင်လောက်ပါဘူး။ ဘာလို့ပါလဲ။ အချက်အလက်တွေဆိုတာ စာအုပ်စာတမ်း၊ မှတ်စုဖိုင်တွဲ၊ ခေတ်မီစက်တွေကို အသုံးချလို့လည်း ရနေတာပဲလေ။ ခုရှာ ခုတွေ့ပါတယ်။

ဒါဆိုရင် “ပညာရေး” ဆိုတာကို ဂဃနဏ သိဖို့လိုလာတယ်။ စစ်မှန်တဲ့ ပညာရေး၊ ထိုက်ထိုက်တန်တန် ရင်းနှီးမြှုပ်နှံသင့်တဲ့ပညာရေးဆိုတာက လူတွေရဲ့စိတ်ကို ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးတဲ့ ပညာရေးပါပဲ။ လူတစ်ယောက်ဟာ ပညာဘယ်လောက်တတ်တယ်ဆိုတာထက် သူ့စိတ်ဟာ ဘယ်လောက်ဖွံ့ဖြိုးတိုးတက်သလဲ၊ တစ်နည်းအားဖြင့် သူဘယ်လောက်ကောင်းကောင်းတွေးတတ်သလဲ ဆိုတာပါပဲ။ အဲဒီလို တွေးနိုင်တဲ့ အရည်အသွေးကို ဖွံ့ဖြိုးတိုးတက်စေတဲ့ ဘယ်အရာမဆို “ပညာ” လို့ခေါ်ပါတယ်။

ပညာကို နည်းအမျိုးမျိုးနဲ့ ရနိုင်ပါတယ်။ လူငယ်အများစုကို အထိရောက်ဆုံးနဲ့ ပညာဖြန့်ဖြူးပေးနိုင်တဲ့ နေရာတွေကတော့ ကောလိပ်တွေ၊ တက္ကသိုလ်တွေ သင်တန်းစုံတွေပါပဲ။ ဒါတင်လား၊ မဟုတ်သေးပါဘူး။ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းမျိုးစုံကို မတက်နိုင်ရင်လည်း အခြားနည်းလမ်းတွေရှိပါသေးတယ်။ အလုပ်လုပ်ရင်း ကျောင်းတက်လို့ ရပါတယ်။ နေ့ကျောင်း၊ ညကျောင်း အချိန်ပိုင်းတွေလည်း ရှိတယ်။ ညနေပိုင်း၊ ပိတ်ရက် သင်တန်းတွေရှိတယ်။ ပြင်ပကနေ ဖြေဆိုပြီး ဘွဲ့တွေယူနိုင်တယ်။ စာကြည့်တိုက်တွေမှာ မိမိသွားဖို့ ရည်ရွယ်ရာလမ်းကြောင်းကို တည့်မတ်လမ်းပြပေးတဲ့ စာအုပ်တွေရှိပါတယ်။

အမေရိကန်သမ္မတ အေဗရာဟယ်လင်ကွန်းက မစ္စစ္စပီမြစ်ကမ်းက လှေထိုးသားဘဝနဲ့ မီးလင်းဖိုဘေးမှာ စာဖတ်ပြီး၊ ပြင်ပကနေစာဖတ်ပြီး ဥပဒေဘွဲ့ကို ယူခဲ့တာဖြစ်တယ်။ တက္ကသိုလ်မတက်ခဲ့ရပါဘူး။ ထို့အတူ တက္ကသိုလ်ပညာရေးကို မသင်ခဲ့ရပေမယ့် စာပေဖတ်ရှုလေ့လာပြီးအောင်မြင်သွားတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေအများကြီးပါပဲ။

ပညာကကျယ်ပြန့်လွန်းတယ်။ သမုဒ္ဒရာထက်ပိုကျယ်တယ်။ နက်နဲပါတယ်။ Information ဆိုတာ သိခြင်းပေါ့။ ကြားလို့သိတာ မြင်လို့သိတာနဲ့ လေ့လာဖတ်ရှုလို့သိတဲ့အသိတရားတွေပေါ့။ ဒါက အာမခံချက်သိပ်မရှိပါဘူး။ အမှား အမှန် ပိုင်းခြားဝေဖန် ဆန်းစစ်နိုင်စွမ်းအားနည်းပါတယ်။ ထို့အတူ Disinformation နဲ့ Misinformation တွေကတော့ လူတွေအမှန်လို့ ယုံကြည်သွားအောင် ဉာဏ်ကြီးသူက ဉာဏ်နည်းသူကို ကစားလိုက်တဲ့သဘော၊ လှည့်စားလိုက်တဲ့ သဘောရှိပါတယ်။

ပညာသဘောက သိရုံတင်မဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ထိန်းသိမ်းကြပ်မတ် ရှေ့ဆောင်ပြုပြင်ပေးတဲ့ သဘောလည်းရှိပါတယ်။ ဒါကြောင့် ပညာဟာ မြင်းမိုရ်တောင်ထက်မြင့်ပြီး စွမ်းအားသတ္တိအလွန်ကြီး

**❑ ပညာသဘောက သိရုံတင်မဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ထိန်းသိမ်းကြပ်မတ် ရှေ့ဆောင်ပြုပြင်ပေးတဲ့သဘောလည်းရှိပါတယ်။ ဒါကြောင့် ပညာဟာ မြင်းမိုရ်တောင်ထက်မြင့်ပြီး စွမ်းအားသတ္တိအလွန်ကြီးမြင့်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုလို့မကုန်နိုင်လောက်ဘူး။ မိမိကိုယ်တိုင်လုပ်ယူမှ လေ့ကျင့်ယူမှ ဘယ်သူဟာ အကောင်းအဆိုးသဘောရှိတယ်ဆိုတာ ဉာဏ်ကသိမြင်စေတာဖြစ်ပါတယ်။**

မြင့်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုလို့မကုန်နိုင်လောက်ဘူး။ မိမိကိုယ်တိုင်လုပ်ယူမှ လေ့ကျင့်ယူမှ ဘယ်သူဟာ အကောင်းအဆိုးသဘောရှိတယ်ဆိုတာ ဉာဏ်ကသိမြင်စေတာဖြစ်ပါတယ်။ ကိုယ့်မှာက ဘာခေတ်ခံမှမရှိရင် အခြားသူများရဲ့လှည့်စားအသုံးချခြင်းကို ခံရလေ့ရှိတတ်ပါတယ်။

ဘွဲ့ဆိုတာ “စာရွက်တစ်ရွက်” ပါပဲ။ သို့သော် ဒီစာရွက်ကလေးတစ်ခုရဖို့လောက်နဲ့တော့ ကျောင်းတက်ကြတာမဟုတ်ဘူးဆိုတာပါပဲ။ တချို့က ဘွဲ့ရတော့ရော ဘာဖြစ်လာလို့လဲ။ အလကားပါကွာ၊ ထမင်းမဝဘူးလို့ ဉာဏ်ပညာမဲ့၊ အဖျင်းအမှော်စကားဆိုတတ်ကြသေးတယ်။ ဒါဆိုရင်ဘာလဲ။ မိမိရဲ့စိတ်ဓာတ်စွမ်းအားကို တည်ဆောက်ယူကြတာပါပဲ။ ဒါဟာ ဘဝအတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုပါပဲ။ ပညာဆိုတာ ယူတတ်ရင်ရတယ်။ နေရာတိုင်းမှာ ရှိတယ်။ နယ်ပယ်တိုင်းမှာရှိတယ်။

ဒါကြောင့် ငါတို့ဘယ်လောက်လုပ်နိုင်ခဲ့သလဲ။ ငါတို့ရဲ့ စိတ်စွမ်းအားနဲ့ ဖြူစင်တဲ့ဘဝတစ်ခုကို ဘယ်လောက် တည်ဆောက်နိုင်ခဲ့သလဲ။ ပညာထဲကနေ ကိုယ်ကျင့်တရားတွေ၊ ဆင်ခြင်တုံတရားတွေ၊ ရိုးသားမှုတွေ၊ တွေးခေါ်မြော်မြင်မှုတွေ၊ ကိုယ်ချင်းစာတရားတွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေ၊ ထုံးတမ်းစဉ်လာဘာသာတရားတွေ စသည်တို့ကို ဘယ်လောက်ထုတ်ယူ ကျင့်သုံးနိုင်ခဲ့သလဲ။ ဒါဟာ ပညာရဲ့သဘောသဘာဝပါပဲ။

ဒါကြောင့် ကျောင်းတွေမှာ ပညာသင်ရမယ်။ ကောလိပ်တက္ကသိုလ်တွေမှာ ရတဲ့အချိန်၊ ရတဲ့အခြေအနေအလိုက်ပညာသင်ရမယ်။ ပညာဆိုတာ ယူတတ်ရင်ရတယ်။ နေရာတိုင်းမှာရှိတယ်။ နယ်ပယ်တိုင်းမှာရှိတယ်။ တရားသဖြင့် ရိုးသားကြိုးစားနေဖို့နဲ့ ဖြူစင်တဲ့ အသက်မွေးလုပ်ငန်းဖြစ်ဖို့တော့ အမြဲသတိကပ်ထားရမှာပေါ့။ စာရေးသူတို့လည်း ဒီလိုပါပဲ။ ဒီအသက်အရွယ် ၆၂ နှစ်ရောက်လာတဲ့အထိ လူထဲသူထဲ လူရာဝင်အောင်နဲ့ မိဘကို လုပ်ကျွေးပြုစုနိုင်ဖို့ ကြိုးစားတည်ဆောက်ယူခဲ့ရတယ်။ အိမ်ထောင်မရှိပေမယ့် ဆုံးသွားတဲ့မောင်ငယ်ရဲ့ကျန်ခဲ့တဲ့တူမသုံးယောက်ကို တက္ကသိုလ်ဘွဲ့အသီးသီးရအောင် ကျောင်းထားပေးရ၊ မြေတောင်မြှောက်ပေးခဲ့ရတယ်။

ကိုယ်ကျင့်တရားနဲ့ ဓမ္မိယလဒ္ဓ စင်ကြယ်စွာစိတ်ကိုတည်ဆောက် စီးပွားရှာယူနိုင်သလို မိမိကြောင့်သူတစ်ပါး ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိစေခဲ့ဘူး။ စီးပွားကိုရအောင်ရှာတာက မိမိရဲ့ ဖွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယ ကြိုးစားမှုနဲ့သာဆိုင်တယ်။ ကိုယ်ကျင့်တရားကို မပျက်အောင်၊ သူတစ်ပါးကို မထိခိုက်အောင် စီးပွားရှာရမယ်ဆိုတဲ့ အသိက “ပညာ” နဲ့ တိုက်ရိုက်အချိုးကျသွားတယ်။ တစ်နည်း “သတ္တိ” ပဲ။ သတ်ရဲဖြတ်ရဲ၊ လုပ်ရဲကိုင်ရဲ၊ ပြောရဲဆိုရဲ၊ တိုက်ရဲခိုက်ရဲမှ သတ္တိမဟုတ်ဘူး။ လူမှုကျင့်ဝတ်တွေ၊ ဥပဒေစည်းကမ်းတွေ၊ ဘာသာရေးက ပညတ်ထားတဲ့ ကိုယ်ကျင့် သီလတွေ၊ ဒါတွေကို မချိုးမဖောက် တည်ဆောက်နိုင်သူသာလျှင် “သတ္တိရှင်” အစစ်ပါပဲ။

ဥပမာတစ်ခု ထုတ်ပေးချင်ပါတယ်။ စာရေးသူတို့ကြံခင်းသားပါပဲ။ နာမည်က ဦးတင်တဲ့။ ဦးတင်ဆယ်နှစ်သားကတည်းက အဖေအမေမရှိတော့ပါဘူး။ မိဘမဲ့ တစ်ကောင်ကြွက်ပေါ့ ။ ကျောင်းမတက်နိုင်ခဲ့ဘူး။ သို့သော် ဦးတင်ကို သူ့အဖေက စာဖတ်ဝါသနာပါအောင် လေ့ကျင့်ပေးခဲ့တယ်။ ဦးတင်ဟာ စာပေဖတ်ရှုလေ့လာရင်း ဘဝကို ကိုယ်ကျင့်တရားနဲ့ ထိန်းမတ်ခဲ့သူဖြစ်တယ်။ သူဟာ ဘယ်လောက်တော်သလဲဆိုရင် ဖဆပလခေတ်မှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဖဆပလအဖွဲ့မှာ ဘဏ္ဍာရေးမှူးအဖြစ် ခန့်အပ်ယုံကြည်ခြင်းခံခဲ့ရတယ်။ နောက်ဝန်ကြီးဖြစ်လာတယ်။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လာရင် အထိမခံဘူး။ သူရိယသတင်းစာအယ်ဒီတာ၊ တိုက်ပိုင်အဆင့်အထိ မြင့်တက်ခဲ့ပြီး နာမည်ပျက်တစ်စုံတစ်ရာမရှိဘဲ ဘဝကိုတည်ဆောက်ယူနိုင်ခဲ့တယ်။ ဖဆပလ နှစ်ခြမ်းကွဲသွားပေမယ့် နှစ်ဖက်စလုံးက သူ့ကို ဦးညွတ်လေးစားခြင်းခံခဲ့ရသူဖြစ်တယ်။ ဘဝတစ်လျှောက်လုံး ဒေါ်ဦးဗွန်းဘိုးဘွားရိပ်သာမှာ နှစ်ပေါင်းလေးဆယ်နီးပါး ပရဟိတလုပ်ရင်း လူတွေကို အကျိုးပြုပေးဆပ်သွားသူဖြစ်တယ်။ လူငယ်တွေ သူ့အကြောင်းကိုသိချင်ရင်မြန်မာလူကျော်တစ်ရာစာအုပ်မှာ ရှာဖတ်ကြည့်စေချင်ပါတယ်။ ဒါဟာ သင်ကြားသင်ယူ၊ ဖတ်ရှုလေ့လာခဲ့တဲ့ စာပေ၊ တစ်နည်း ပညာက ပေးလိုက်တဲ့ ဆင်ခြင်တုံတရား၊ အသိတရား၊ ကိုယ်ကျင့်တရား၊ စိတ်ဓာတ်စွမ်းအားပါပဲ။

လူတစ်ယောက်ဟာ ရှာဖွေလို့ စီးပွားတော့ဖြစ်ပါရဲ့ သူတစ်ပါးကိုထိခိုက်တဲ့ ကိုယ်ကျင့်တရားပျက်မှု၊ သူတစ်ပါး ဒုက္ခပေး၊ ခေါင်းပုံဖြတ် အမြတ်ထုတ်တဲ့ ကိုယ်ကျိုးရှာဖွေမှုကတော့ အလကားပဲ။ ချမ်းသာလည်း တန်ဖိုးမရှိပါဘူး။ ဒါကြောင့် ငါတို့ဘယ်လောက်လုပ်နိုင်ခဲ့သလဲ။ ငါတို့ရဲ့ စိတ်စွမ်းအားနဲ့ ဖြူစင်တဲ့ ဘဝတစ်ခုကို ဘယ်လောက် တည်ဆောက်နိုင်ခဲ့သလဲ။ ပညာထဲကနေ ကိုယ်ကျင့်တရားတွေ၊ အဂတိတရားတွေ၊ ဆင်ခြင်တုံတရားတွေ၊ ရိုးသားမှုတွေ၊ တွေးခေါ်မြော်မြင်မှုတွေ၊ ကိုယ်ချင်းစာတရားတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ထုံးတမ်းစဉ်လာဘာသာတရားတွေစသည်တို့ကို ဘယ်လောက်ထုတ်ယူကျင့်သုံးနိုင်ခဲ့သလဲ။

ဒီနေရာမှာ လာဘ်ပေး၊ လာဘ်ယူ သဘောကို ထည့်ပြောချင်တယ်။ လာဘ်ပေးသူ၊ လာဘ်ယူသူ ဘယ်သူက ပိုအပြစ်ကြီးပါသလဲ။ လာဘ်ပေးသူဟာ လူတစ်ယောက်ကိုတင်မဟုတ်ဘူး ပတ်ဝန်းကျင်လောကကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်ခြင်းပါပဲ။ ပိုပြီး အပြစ်ကြီးလေးတယ်လို့ စာရေးသူက မြင်ပါတယ်။ လာဘ်ပေးသူက မိမိကိုယ်ကျိုးအတွက် လာဘ်ယူသူကို အသုံးချလိုက်တာပါပဲ။ လာဘ်ယူသူကလည်း လောကဓံရဲ့ ခါးသက်မှုကို ခံနိုင်ရည်ရှိသူမဟုတ်လေတော့ လောဘနဲ့ လည်စင်းခံလိုက်ရတာပါပဲ။ တစ်နည်းအားဖြင့် နှစ်ဦးစလုံးက တိုင်းပြည်ကို ဖျက်ဆီးပစ်လိုက်ကြတာပါပဲ။ ဒါတွေဟာ အနာဂတ်ကိုတည်ဆောက်ကြမယ့် လူငယ်တွေရဲ့ ပတ်ဝန်းကျင်ကောင်းဘယ်လို ဖြစ်လာနိုင်ပါ့မလဲ။ စဉ်းစားကြည့်ပေါ့။ ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့်လို့ အပြစ်ပုံချကြရင်း နောက်ဆုံးတော့ ကိုယ့်ကြောင့်များဖြစ်နေလိမ့်မလားလို့ တွေးကြည့်စေချင်ပါတယ်။ ဒီလိုဆန်းစစ်ပြီး နားလည်လက်ခံကျင့်သုံးကြရင် ပညာရဲ့သဘောသဘာဝဟာ ပီပီပြင်ပြင်ဖြစ်လာပြီး လူငယ်တွေဟာ ကောင်းသောအတုခိုးအတုယူခြင်းတွေ ဆောင်ရွက်လာကြပါလိမ့်မယ်။

ဒါကြောင့် ကျောင်းတွေမှာ ပညာသင်ရမယ်။ ကောလိပ်တက္ကသိုလ်တွေမှာ ရတဲ့အချိန်၊ ရတဲ့အခြေအနေအလိုက် ပညာသင်ရမယ်။ မိမိရဲ့ ဘဝအခြေအနေနဲ့၊ မိမိရဲ့ဉာဏ်ရည်နဲ့ ကိုက်ညီသော “ဘွဲ့” တစ်ခုခုကို ဆွတ်ခူးနိုင်သူဖြစ်ရမယ်။ ဒါဟာ မိမိကိုယ်ကို၊ မိမိဘဝကို၊ မိမိပတ်ဝန်းကျင်ကို ထိန်းသိမ်းပြုပြင်ပေးသွားမယ့် “ပဲ့ထိန်း” ဆိုတာကို မမေ့ကြပါနဲ့ ။ အဲဒီပဲ့ထိန်းပါတဲ့လူငယ်တွေဟာ နိုင်ငံ့သားကောင်းရတနာများပါပဲ။

အဲဒီ ပဲ့ထိန်းပါတဲ့ ပညာနဲ့သာ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ယူကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ။

**ယဉ်ယဉ်(ဘက်ရဲ)**

✯ စာမျက်နှာ ၁၅ မှအဆက်

အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များတစ်ခုလုံးက ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ငင်းနောက် China Texmatech Co., Ltd. မှတာဝန်ရှိသူတစ်ဦးက စက်ပစ္စည်းတပ်ဆင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ရုံမှူးထံသို့လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား သစ်သီးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ပြီး CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်တပ်ဆင်ရေးလုပ်ငန်းများကို ဦးစီးကြပ်မတ်ဆောင်ရွက်ခဲ့သည့် Project Chief Engineer အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်ထုတ်လုပ်မှုအဆင့်ဆင့်ပြကွက်များနှင့် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ကောင်စီဝင်ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ကောင်စီဝင်ဗိုလ်ချုပ်ကြီးညိုစောတို့က ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စက်ရုံအတွင်းရှိချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုးအလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှတာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါတပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက်လိုအပ်သည့်ဝတ်စုံများကို ချုပ်လုပ်ပေးလျက်ရှိသကဲ့သို့ကျောင်းဝတ်စုံများ၊ အခြားနေ့စဉ်သုံးချည်ထည်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ဝတ်ရေးကို ပိုမိုအထောက်အကူပြုစေရန်နှင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများတိုးတက်စေရေးဆောင်ရွက်လျက်ရှိချိန်တွင် ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်ရှိနေသည့် ချည်မျှင်နှင့်အထည်အလိပ်များကို အတိုင်းအတာတစ်ခုအထိ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်းနှင့် သတ်မှတ်ထားသည့်အရည်အသွေးစံနှုန်းများအတိုင်း ပြည့်မီစွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်မြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေး ဆွေးနွေးပွဲကျင်းပ

**ပြည် ဒီဇင်ဘာ ၁၆**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းထွေးက ဝန်ထမ်းများအား အုပ်ချုပ်မှုနှင့် စည်းစနစ်ကောင်းမွန်ရေး၊ စိတ်ကောင်းစေတနာကောင်းထားရှိပြီး တာဝန်ကိုကျေပွန်စွာထမ်းဆောင်နိုင်သည့် ကျန်းမာကြံ့ခိုင်သော ပြည်သူ့အကျိုးပြုဝန်ထမ်းကောင်းများဖြစ်စေရေးတို့ကို အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဝန်ထမ်းများ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေးနှင့်စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ယင်းတင်ပြချက်များနှင့် ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာ တင်ပြချက်များအပေါ် လိုအပ်သည့်ညွှန်ကြားမှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉°C | / | ၃၀°C |
| ရန်ကုန် | ၂၂°C | / | ၃၃°C |
| မန္တလေး | ၁၈°C | / | ၃၀°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ဝန်ကြီးဌာနအလိုက် ၁၆-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ**

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃ | ၉ | ၉ | ၃၁ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၀ | ၇ | ၇ | ၂၄ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၉ | ၈ | ၁၀ | ၂၇ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၁ | ၇ | ၂၅ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | ၂ | ၁ | ၅ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၉ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၂ | | ၂ | |
| ၁၁ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၂ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၄ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၅ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၆ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၄၅ | ၄၅ | ၄၅ | ၁၃၅ | |

**ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက်**
**၁၆-၁၂-၂၀၂၄ ရက်နေ့ထိဆုရရှိမှုအခြေအနေ**

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၂ | ၃၃ | ၂၈ | ၁၂၃ | |
| ၂ | ရှမ်း | ၂၅ | ၂၆ | ၃၄ | ၈၅ | |
| ၃ | စစ်ကိုင်း | ၁၉ | ၁၆ | ၁၉ | ၅၄ | |
| ၄ | မန္တလေး | ၁၅ | ၂၀ | ၂၈ | ၆၃ | |
| ၅ | ကချင် | ၁၄ | ၉ | ၁၆ | ၃၉ | |
| ၆ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၇ | ဧရာဝတီ | ၁၁ | ၂၄ | ၂၅ | ၆၀ | |
| ၈ | မကွေး | ၁၁ | ၉ | ၁၅ | ၃၅ | |
| ၉ | ကရင် | ၆ | ၆ | ၂၄ | ၃၆ | |
| ၁၀ | ပဲခူး | ၅ | ၁၉ | ၂၂ | ၄၆ | |
| ၁၁ | မွန် | ၄ | ၉ | ၈ | ၂၁ | |
| ၁၂ | နေပြည်တော် | ၄ | ၄ | ၈ | ၁၆ | |
| ၁၃ | ရခိုင် | ၃ | ၁၁ | ၁၃ | ၂၇ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | ၁ | ၄ | ၅ | ၁၀ | |
| | စုစုပေါင်း | ၁၉၆ | ၁၉၆ | ၂၆၂ | ၆၅၄ | |





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုးအလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုးအလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုးအလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

☆**စာမျက်နှာ ၁၇ မှအဆက်**

စစ်ဝတ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေး လိုအပ်သည့်စက်ပစ္စည်းများကို ဝယ်ယူပေးခဲ့ပြီး နိုင်ငံတကာတပ်မတော်များနည်းတူ စစ်ဝတ်ပစ္စည်းများ အဆင့်မီစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် တပ်မတော်သားများအတွက် လိုအပ်သည့် ဝတ်စုံအမျိုးမျိုးအပြင် တပ်မတော်သားများနှင့်ပြည်သူများအတွက် လိုအပ်သည့်အခြားသောအထည်အလိပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း။


ယခုကဲ့သို့စက်ရုံအဆင့်မြှင့်တင်ခြင်းများ၊ စက်အသစ် ပြောင်းလဲတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အဆင့်မြင့် ၂/၈၀ ချည်များ မထုတ်လုပ်နိုင်သေးသည်ကိုတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ၂/၈၀ ချည်များကို ပြည်တွင်းကထွက်သည့်ဝါများနှင့်ထုတ်လုပ်နိုင်ရေး စက်ပစ္စည်းများကို ဖြည့်ဆည်းပေးခဲ့သည်မှာ ယခုဆိုပါက စတင်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ ယခုတည်ဆောက်တပ်ဆင်ပြီးစီးသည့်စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် ၂ တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ၂/၈၀ ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့်လုံချည်နှင့်ပိတ်များအဖြစ် ရက်လုပ်မည်ဖြစ်ပြီး ပိုလျှံသည့်ချည်များကို ပြင်ပဈေးကွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း။

ယခု ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ချည်ထည်ခေတ်တစ်ခေတ်ပြောင်းလဲမှု၏ အစဖြစ်သည်ဟု ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်ကလည်း ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့်အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင်သဘာဝကပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကို အသုံးချပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါစိုက်ပျိုးရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ဝါစိုက်ပျိုးတောင်သူများအနေဖြင့် နိုင်ငံတော်၏ဝါစိုက်ပျိုးမှု၊ ဝါထွက်ရှိမှုများတိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့် စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှစစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကို ထုတ်လုပ်ပေးနိုင်မည့်၊ မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက်များကို ယခုစက်ရုံက အစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊

**စာမျက်နှာ ၁၄ သို့**☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကိုကြည့်ရှုစဉ်။

★ **ရှေ့ဖုံးမှအဆက်**

စက်ရုံမှူး၊ စက်ရုံဝန်ထမ်းများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်က စက်ရုံတည်ဆောက်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှတ်တမ်းရုပ်သံကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူတို့အနေဖြင့် စတင်ဖြစ်တည်စဉ်ကတည်းကပင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့်ကိစ္စရပ်ကြီး ၃ ခုကို နေ့စဉ်မလွဲမသွေရင်ဆိုင်နေကြရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယင်းအရေးကိစ္စကို အဆင်ပြေစွာဖြေရှင်းနိုင်ရေး နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ချိန်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့်ကုန်ကြမ်းများကို ခိုင်မာသည့်ကုန်ထုတ်လုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်ရန်ရည်ရွယ်ခဲ့ကြောင်း၊ စား၊ ဝတ်၊ နေရေးတွင် ဝတ်ရေးဟူသည့် အဝတ်အထည်သည် လူသားများမွေးဖွားချိန်မှ သေဆုံးချိန်အထိ ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ အဝတ်အထည်အသုံးအဆောင် ဖူလုံရန်မှာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံတည်ဆောက်ရာတွင်ပါဝင်ခဲ့သည့် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား သစ်သီးခြင်းပေးအပ်စဉ်။

**❖ ဝါစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန်လို၊ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကို ပြန်လည်တင်ပို့ခြင်းဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများရရှိနိုင်မည်ဖြစ် . . .**

**❖ ၂/၈၀ ချည်များကို ပြည်တွင်းကထွက်သည့် ဝါများနှင့်ထုတ်လုပ်နိုင်ရေး စက်ပစ္စည်းများကို ဖြည့်ဆည်းပေးခဲ့သည်မှာ ယခုဆိုပါက စတင်လည်ပတ်နိုင်ပြီဖြစ်၊ စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် ၂ တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ် . . .**




China Texmatech Co., Ltd. မှတာဝန်ရှိသူတစ်ဦးက စက်ပစ္စည်းတပ်ဆင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ရုံမှူးထံသို့လွှဲပြောင်းပေးအပ်စဉ်။

လူ့ဘဝတစ်လျှောက် အရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်တွင်းအဝတ်အထည်ဖူလုံစေရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးနေသည့် ဝါမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ကြောင်း။

ဝါစိုက်ပျိုးရေးနှင့်ပတ်သက်ပါကလည်း ၂၀၁၆ ခုနှစ်ကစ၍ ဝါစိုက်ပျိုးမှုနှုန်းလျော့ကျလာသည့်အခြေအနေကို သုံးသပ်ပြီး ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေးအောင်မြင်ရန် အခြေအနေကောင်းများရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့်ပိတ်ထည်များကို ပမာဏများစွာ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကို ပြန်လည်တင်ပို့ခြင်းဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ဖွင့်လှစ်နိုင်သည့်အတွက် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် ပြည်တွင်း၌ လိုအပ်နေဆဲဖြစ်သည့် အရည်အသွေးကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီချည်ချောများကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုကြောင်း။

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)ကို ဝတ်ရေးဆိုင်ရာအထည်အလိပ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်ပမှ မှာယူတင်သွင်းမှုလျှော့နည်းစေရန်အတွက် တရုတ်-မြန်မာ အစိုးရတို့အကြား သဘောတူညီချက်စာချုပ် ချုပ်ဆိုပြီး ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)ကို ၁၉၆၆-၁၉၆၇ တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စက်ရုံကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပေးခဲ့ကြောင်း။

မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင်လည်း တပ်မတော်အတွက် လိုအပ်သည့် **စာမျက်နှာ ၁၅ သို့** ✯




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ CTMTC ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ဂါရဝပြုလက်ဆောင်ပြန်လည်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်တပ်ဆင်ရေးလုပ်ငန်းများကို ဦးစီးကြပ်မတ်ဆောင်ရွက်ခဲ့သည့် Project Chief Engineer အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Opening ceremony of cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila) held, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing



Senior General Min Aung Hlaing addresses the opening ceremony of cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila).

NAY PYI TAW December 16

The inauguration ceremony of the cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila) was held this morning, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present were SAC Joint Secretary General Ye Win Oo, SAC members, union level officials, union ministers, chief ministers of Mandalay and Magway regions, senior military officers from the Office of the Commander-in-Chief, the Central Command commander, departmental officials, officials of China Texmatech Co. Ltd., honoured guests, local elders of Meiktila Township, the factory manager and employees, and officials.

Director of the Directorate of Ordnance of the Office of Commander-in-Chief (Army) Maj-Gen Win Myat presented a report on the establishment of the factory.

The Senior General and attendees watched a video clip on the finished cotton fiber manufacturing branch of the factory.

In his keynote address, the Senior General said since birth, human beings face the three basic needs – food, clothing and shelter – every day. In order to solve the problem, SAC, since its assumption of duties of the State, has worked with the aim of setting up a robust manufacturing industry by using farm materials. Of the three basic needs, clothes are the items man needs throughout the whole life from birth till death. So, it is an important need in man's life. Hence, efforts are being made to turn locally cultivated cotton into value-added goods.

After a review of the fall in cotton sown acreage since 2016, encouragement has been given to grow high-yield long-staple cotton that can be turned into quality threads. The country had to import a huge bulk of fabrics despite its favourable condition for cotton cultivation. Hence, it should successfully grow cotton and produce cotton fabrics that meet the international standard. The country can reduce foreign currency expenses and increase FE earnings through production of fabrics at garment factories or fabric export.

It is a pleasure for all that thanks to the opening of the branch, the factory will manufacture quality fibers which still have local demand.



Senior General Min Aung Hlaing views cotton fiber manufacturing process.



Senior General Min Aung Hlaing views round in the cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila).

See Page - 21 ●●

●● From Page - 21

farmers should strive for the development of the country's cotton production. The Tatmadaw Textile Factory (Meiktila) is supplying military clothing for the entire Tatmadaw by turning raw cotton materials into finished goods. Likewise, the branch that opened today will be supportive of fulfilling the nation's clothing demand. Starting from this factory onward, the entire people and textile-based MSMEs must make efforts to lead the Myanmar textile world that can manufacture quality garment and textiles products for the nation and people towards the new age.

An official of China Texmatech Co. Ltd. presented machinery related papers to the factory manager.

The director of the Directorate of Ordnance presented a commemorative gift to the Senior General.

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing then presented a fruit basket and commemorative gift to an official of CTMTC company, who also presented an honorary gift to the Senior General.

The Senior General presented a gift of honour to the Project Chief Engineer who oversaw the machinery installation work.

The Senior General and party looked around the booths that display the different stages of cotton cultivation and fiber production and fabrics manufactured by the 2/80 fiber production branch.

Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Htain Win, Commander-in-Chief (Air) General Tun Aung, SAC Joint Secretary General Ye Win Oo, and SAC member General Nyo Saw formally opened the ceremony. The Senior General formally unveiled the signboard by pushing a button and sprinkled scented water on the plaque.

The Senior General and attendees were conducted around production stages of spinning workshop, twisting workshop, and dyeing workshop. The Senior General also looked into the requirements.

The Senior General presented a cash award for factory employees through an official.

The factory manufactures school uniforms and other daily use fabrics, apart from providing the Tatmadaw and Myanmar Police Force with uniforms. At the time when the State is in the process of fulfilling the clothing needs more and improving finished fibers, the opening of the branch will be supportive of the textile-related industries by supplying fibers and textiles to a certain degree. Moreover, it will meet its production and quality targets. **100**

# Farmers finish cultivation of sunflower on more than 2,000 acres of croplands

MONYWA December 16

According to the statistics of Monywa Township Agriculture Department, a total of 2,310 acres of sunflower has been planted this cold season in Monywa Township of Sagaing Region.

Local authorities earmarked 7,755 acres of sunflower acres in Monywa Township in 2024-2025 cold season but local farmers have planted 2,310 acres of crops against the target.

U Soe Thet Aung, Head of Monywa Township Agriculture Department commented: "This year, local authorities earmarked cultivation of more than 7,000 acres of sunflower in Monywa Township but local farmers have planted more than 2,000 acres of crops against the target cultivation. They are trying hard to meet the target with the plans to expand sown acreage of sunflower to reduce import of cooking oil abroad. Yield of oil from sunflower is more than groundnut and sesame. Local farmers prefer to grow sunflower in cold season."

Monywa Township Agriculture Department conducted the training course to enhance capacity of staff and farmers in order to grow sunflower systematically.

This year, officials arrange provisions of quality seeds of sunflower to local farmers in Monywa Township with distribution of urea fertilizers at fair prices.

**SK**

# Merchants sell 80,000 viss of dried areca nuts to Yangon market

PANTANAW December 16

"Local merchants from Pantanaw Township of Ayeyawady Region sold 80,000 viss of dried areca nut to Yangon market," said Daw Myat Maw, the owner of commodity centre for sale of areca nut in Pantanaw Township.

They shipped 65,000 viss of dried areca nut to Yangon in September and 80,000 viss in October.

Daw Myat Maw explained: "The dried areca nuts currently being traded were stored during the summer season. Over the past month, up to 80,000 viss of dried areca nuts were supplied to the Yangon market. The dried areca nuts sent to the Yangon market from the Pantanaw Township are of high quality. Currently, the Yangon market is actively purchasing dried areca nuts from the region. This year, there is a significant domestic demand for dried areca nuts, with daily orders coming in from Yangon."

In Nyaungdon Township, areca nut traders are actively purchasing locally harvested areca nuts and systematically processing them into whole nuts and split nuts of two varieties for distribution to the Yangon market. It is reported that the increased demand for dried areca nuts has benefitted those who store dried areca nuts, areca nut growers, traders, warehouse operators, and areca nut processing workers.

**SK**

# More than 2,000 acres of sunflower planted in Pwintbyu Township

PWINTBYU December 16

Starting from October 2024, local farmers grow sunflower in Pwintbyu Township of Magway Region in order to ensure oil security, and they have planted 2,724 acres of sunflower so far, according to the Pwintbyu Township Agriculture Department.

Local authorities earmarked 12,805 acres of sunflower for cultivation in cold season this year but local growers have so far planted 2,724 acres of sunflower against the target.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department, said: "Farmers have grown more than 2,700 acres of sunflower against the target of 12,805 acres. We helped local farmers increase per-acre yield of sunflower and select quality strains of crops for cultivation. Farmers grow sunflower the plantations of other crops as a mixed crop. As irrigation facilities contribute to the farmlands, sunflower plantations are thriving in the township."

Local farmers prefer to grow sunflower the whole year due to lesser cost of labour charge and increase incomes.

This year, the Agriculture Department provides necessary aid such as quality strains of sunflower seeds, agricultural techniques and inputs to local farmers.

**SMK**

# Merchants dispatch 80,000 bags of Pawsan rice to Yangon in October

MAWLAMYINEGYUN December 16

"Local businesspersons from Mawlamyinegyun Township of Ayeyawady Region supplied 80,000 bags of Pawsan rice to Yangon market in October," said Daw Yi Yi Win, the rice and paddy trader from Mawlamyinegyun Township.

They sent 55,000 bags of Pawsan rice to Yangon market in September but 80,000 bags in October.

Daw Yin Yin Win, revealed: "Merchants from Mawlamyinegyun Township buy rice from local farmers and mill them to be sent to Yangon market. They have sold 80,000 bags of Pawsan rice to Yangon market. At present, prices of rice are stable. Due to high demand from Yangon market, rice trading is booming in Mawlamyinegyun Township."

In Yangon market, Pawsan rice fetches Ks-135,000 per bag. As demand of rice is higher and higher, freight workers and truck drivers as well as local farmers and businesspersons can earn increased incomes.

**SMK**

# Malaysia's automaker Proton launches first electric vehicle

KUALA LUMPUR December 16

Malaysian automaker Proton announced Monday that it has launched the firm's and the nation's first electric vehicle.

Its new energy vehicle arm, PRO-NET, has launched the Proton e.MAS 7, with prices starting from 109,800 ringgit (24,660 U.S. dollars), the automaker said in a statement.

Proton sees the launch a driver toward sustainability and innovation in the country's transportation sector.

It noted the move was in line with the National Energy Transition Roadmap, which sets the transformation of Malaysia into a net-zero emissions nation by 2050 among its main objectives.

"Moving forward, we plan to export this latest model starting with Singapore, Trinidad and Tobago, Mauritius and Nepal next year, helping us to solidify our position in the international market and strengthen our commitment to providing eco-friendly, accessible mobility solutions globally," said Zhang Qiang, chief executive officer of PRO-NET.

**Xinhua**

# China launches internet satellite group



A group of low Earth orbit satellites is launched by a Long March-5B carrier rocket with a Yuanzheng-2 (Expedition-2) upper stage atop the rocket from the Wenchang Space Launch Site in south China's Hainan Province, December 16, 2024.

WENCHANG December 16

China successfully sent the first group of low Earth orbit satellites for a satellite internet constellation from the Wenchang Space Launch Site in southern Hainan Province on Monday.

At 6:00 p.m. (Beijing Time), this group of satellites was launched by a Long March-5B carrier rocket with a Yuanzheng-2 (Expedition-2) upper stage atop the rocket. The satellites have entered the preset orbits.

The launch marked the 552nd mission of the Long March series carrier rockets.

**Xinhua**

# Nearly 140 people killed in Afghanistan in 2024 due to unexploded mines - Official

MOSCOW December 16

Unexploded mines in Afghanistan have claimed the lives of 137 people and injured another 333 people, including children, in 2024, the country's Directorate for Mine Action Coordination (DMAC) said on Sunday.

"Since the start of 2024, nearly 240 incidents have occurred nationwide, resulting in a total of 470 victims. Among them, 386 are children who have either been martyred or injured," DMAC Chief NooruddinRustamkhil was quoted as saying by the Tolo News portal.

At the same time, nearly 60 square miles of land in Afghanistan were cleared of unexploded mines during the same period, the DMAC chief noted. There are 57 bomb disposal teams in the country that are also working to raise public awareness of the dangers of mines, he added.

Earlier this year, the head of the international landmine clearance charity HALO Trust, James Cowan, said that Afghanistan was the leader in the number of demining specialists working in the country and that there were 2,235 deminers clearing its land from unexploded ordnance and mines.

The war in Afghanistan was America's longest war. Begun in late 2001, in the aftermath of the 9/11 terror attacks on New York and Washington, the war is estimated to have cost taxpayers over US$-2.2 trillion (or about US$-300 million per day for almost 20 years), according to Brown University's Costs of War project. As many as 100,000 Afghan civilians were killed in the conflict, as were 70,500+ Afghan security forces personnel, tens of thousands of Taliban fighters, over 3,500 US and coalition troops, and 4,000+ western mercenaries.

**Sputnik**

# Outbreak of sheep, goat plague reported in western Mongolia

ULAN BATOR December 16

An outbreak of a highly contagious disease affecting sheep and goats has been reported in the western Mongolian province of Khovd, local media reported on Monday.

"Several cases of Peste des Petits Ruminants (PPR), commonly known as sheep and goat plague, have been confirmed in Bulgansoum (an administrative subdivision) of the province," the Bulgansoum governor's office said in a statement.

As a result of the outbreak, the soum has been placed under quarantine for an undetermined period, the statement added.

The livestock sector is a cornerstone of the Mongolian economy, but frequent outbreaks of livestock diseases pose significant challenges to the industry.

According to the National Statistics Office, Mongolia had 64.7 million head of livestock at the end of 2023.

Sheep and goats made up the majority, accounting for 45.5 percent and 38.0 percent of the total, respectively. **Xinhua**

# Nearly 1,000 feared dead in Cyclone-hit Mayotte Archipelago

MOSCOW December 16

Nearly 1,000 people may have died after Cyclone Chido hit the French archipelago of Mayotte in the Indian Ocean, located between Madagascar and the coast of Mozambique, Mayotte Prefect Francois-Xavier Bieuville said.

"I think there are some several hundred dead, maybe we will get close to a thousand, even thousands given the violence of this event," Bieuville was quoted by media as saying.

The prefect said it was "extremely difficult" to establish an exact number of victims at the moment.

The powerful cyclone, packing winds of more than 124 miles per hour, also lashed the islands of Comoros, Madagascar, and Mozambique.

**Sputnik**



Nearly 1,000 Feared Dead in Cyclone-Hit Mayotte Archipelago.




Senior General Min Aung Hlaing presents a commemorative gift.



Senior General Min Aung Hlaing presents cash awards for factory staff.

●● From Page - 18

The factory was set up in 1966-1967 under an agreement signed between China and Myanmar governments to fulfil the clothing needs of the country and to reduce the volume of exports. It was transferred to the Directorate of Ordnance of the Office of Commander-in-Chief (Army) on 1 October 1991.

After starting to shoulder the duties of the Commander-in-Chief of Defence Services in 2011, the Senior General supplied necessary equipment for the continued production of quality military uniforms and clothing that are on a par with their global counterparts. Now, the country can produce various kinds of military clothing as well as various kinds of textiles required for military personnel and civilians.

Although the factory upgrading and machinery changes were conducted, the factory still could not manufacture quality 2/80 fibers. As the factory was provided with new machines that can turn local cotton into 2/80 fibers, it has now started its operations. At its full capacity, the factory can produce 4,840 pounds or about two tons of fiber per day. 2/80 fibers will be turned into longyis and cotton fabrics for the people, and the surplus will be distributed to the market at reasonable prices.

The opening of the branch can be mentioned as the dawn of a new age of Myanmar's cotton fabrics. The country needs the application of quality cotton strains and correct cultivation methods to increase cotton yield. In addition, the process of developing cotton-based industries must be continued through upgrading of cotton mills, and textile factories.

The country must set up industries that will bring progress through the use of nature's gift or the favourable conditions for agriculture. Officials and cotton

See Page - 19 ●●



The ribbon being cut to open the cotton fiber 2/80 manufacturing branch of Tatmadaw Textile Factory (Meiktila).

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

ဦးစွာ **ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ** ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က စနူကာ 6 Red Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး 9 Ball Pool Double နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကို ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း အမျိုးသမီးမီတာ(၈၀၀)အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်ကို ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ အမျိုးသားသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်ကို ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အမျိုးသမီးမာရသွန်အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်ကို ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အမျိုးသားမီတာ(၁၀၀)အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်ကို ဆုပေးအပ်ချီးမြှင့်စဉ်။

လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က စနူကာ 6 Red Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကိုက 9 Ball Pool Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးက 9 Ball Pool Double နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ**အခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်က အမျိုးသားမီတာ(၅၀၀၀) အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမျိုးသမီးမီတာ (၅၀၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသားမီတာ (၄၀၀) တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယနှင့်တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က အမျိုးသမီးမီတာ(၄၀၀)တန်းကျော်ပြိုင်ပွဲတွင် ပထမနှင့်ဒုတိယဆုရရှိသည့်ကာကွယ်ရေးဝန်ကြီးဌာနနှင့်တတိယဆုရရှိသည့်ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်က အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမျိုးသားမာရသွန်အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းက အမျိုးသားမီတာ(၈၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့်ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန

**စာမျက်နှာ ၂၃ သို့** ●

● စာမျက်နှာ ၂၂ မှအဆက်

အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီး မီတာ (၈၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အမျိုးသားမီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အမျိုးသား ၆၇ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရေဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်ကို ဆုပေးအပ်ချီးမြှင့်စဉ်။

တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲတွင် ရရှိခဲ့သည့် စံချိန်ဟောင်းထက် ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သာလွန်ကောင်းမွန်သည့် စံချိန်သစ်များ ရရှိခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မောင်နိုင်လင်းထွန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မဇင်မေထက်တို့အား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌဦးသာအောင်တို့က မော်တော်ဆိုင်ကယ်တစ်စီးစီ အထူးဆုအနေဖြင့် ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ**ကို အလေးမအားကစားရုံ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ၄၅ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့်တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ၄၉ ကီလို အလေးမပြိုင်ပွဲတွင်ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသမီး ၅၅ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ၅၅ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမျိုးသား ၆၁ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊အမျိုးသား ၆၇ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။





အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲတွင် စံချိန်သစ်ရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ မဇင်မေထက်ကို တာဝန်ရှိသူတစ်ဦးက မော်တော်ဆိုင်ကယ်အထူးဆု ပေးအပ်ချီးမြှင့်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင် အားကစားကွင်း၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသားချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့်ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမျိုးသမီး နန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမျိုးသား နန်းချွမ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာလ ၁၇ ရက် **(ယနေ့)**တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၄၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၅၅ | ၃၁၆၀ | ၃၁၇၅ | ၃၁၉၅ | ၃၁၀၀ | ၄၅၀၅ | ၃၄၀၅ | ၃၁၃၀ | ၃၁၃၀ | ၃၂၀၀ | ၃၁၆၅ | ၃၁၉၀ | ၃၄၄၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၆၅ | ၃၂၃၀ | ၃၁၆၅ | ၃၂၇၀ | ၃၂၈၅ | ၃၃၀၅ | ၃၂၂၀ | ၄၅၆၀ | ၃၅၁၅ | ၃၂၄၀ | ၃၂၄၀ | ၃၃၁၀ | ၃၂၇၅ | ၃၃၀၀ | ၃၅၅၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၁၀ | ၂၇၂၅ | ၂၇၄၀ | ၂၆၆၀ | - | ၂၉၁၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၃၅ | ၂၉၉၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | ၄၈၃၀ | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |
| HSD (10 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | - | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၁ | ၂၉၆၂ |
| 95 Ron | ၂၉၇၇ | ၃၀၇၁ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၃၀၃၅ | ၃၁၂၅ |
| HSD (10 ppm) | ၃၀၃၅ | ၃၁၂၅ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဆိုင်ကလုန်းချီဒိုကြောင့် မေယော့ကျွန်းစု၌ လူ ၁၀၀၀ နီးပါးသေဆုံးဖွယ်ရှိ

**ပဲရစ်၊ သဘာဝဘေး**

အိန္ဒိယသမုဒ္ဒရာအတွင်းရှိပြင်သစ်နိုင်ငံပိုင် မေယော့ကျွန်းစု၌ ဆိုင်ကလုန်းမုန်တိုင်းချီဒိုဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသခံပြည်သူ ၁၀၀၀ နီးပါးသေဆုံးဖွယ်ရှိသည်ဟု ဒေသအုပ်ချုပ်ရေးမှူးက ဒီဇင်ဘာလ ၁၆ ရက်တွင်ပြောသည်။

အဆိုပါမုန်တိုင်းသည် ဒီဇင်ဘာလ ၁၅ ရက်တွင် ဝင်ရောက်တိုက်ခတ်ခြင်းဖြစ်ပြီး ထိုသို့တိုက်ခတ်စဉ်လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၄၀ နှုန်းရှိသောကြောင့် အလွန်အင်အားပြင်းထန်သော မုန်တိုင်းတစ်လုံးဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။

ထို့ပြင် ပြင်သစ်နိုင်ငံ၏အဆင်းရဲဆုံးသောဒေသများအနက် တစ်ခုဖြစ်သည့် မေယော့ကျွန်းစုသို့ ထိုကဲ့သို့အင်အားအလွန်ပြင်းထန်သောမုန်တိုင်းတိုက်ခတ်မှုသည် နှစ်ပေါင်း ၉၀ အတွင်းပထမဆုံးအကြိမ်ဖြစ်ပြီး လှိုင်းများမှာလည်း အမြင့် ၈ မီတာအထိရောက်ရှိသည်ကိုတွေ့ရသည်။

တစ်ချိန်တည်းမှာပင် မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်းနှင့် လမ်းများပျက်စီးခြင်းတို့ကြောင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အခက်အခဲနှင့်ရင်ဆိုင်နေရကြောင်းနှင့် အချိန်တိုင်းသည် မေယော့ကျွန်းစုရှိပြည်သူများကိုကယ်ဆယ်နိုင်ရေးအတွက်အလွန်အရေးကြီးကြောင်း အရပ်ဘက်လုံခြုံရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူကပြောသည်။

မုန်တိုင်းပြီးနောက်မြင်တွေ့ရသည့်မြင်ကွင်းသည် ကမ္ဘာပျက်သည့်မြင်ကွင်းနှင့်အလားသဏ္ဍာန်တူကြောင်း လူဦးရေသုံးသိန်းမျှသာရှိသည့် မေယော့ကျွန်းစုမှ ဒေသခံတစ်ဦးကပြောသည်။

ယခုကဲ့သို့မုန်တိုင်းကအလွန်အင်အားပြင်းထန်ခြင်းသည် လူသားများကြောင့်ဖြစ်သော ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သည်ဟု ပညာရှင်များကသုံးသပ်ထားကြောင်းသိရသည်။

Ref: Sputnik



# အမေရိကန်စစ်သင်္ဘောတစ်စင်း ကမ္ဘောဒီးယားသို့ချစ်ကြည်ရေးခရီးရောက်ရှိ

**ဖနွမ်းပင်၊ ချစ်ကြည်ရေး**

အမေရိကန်ရေတပ်မှ စစ်ရေယာဉ်တစ်စင်းသည် ကမ္ဘောဒီးယားနိုင်ငံသို့ ရှစ်နှစ်အတွင်းပထမဆုံးအကြိမ်အဖြစ် ချစ်ကြည်ရေးခရီးရောက်ရှိလာကြောင်းသိရသည်။

ဒီဇင်ဘာလ ၁၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိလာသည့် USS Savannah စစ်ရေယာဉ်သည် တရုတ်နိုင်ငံကပြန်လည်မွမ်းမံပြင်ဆင်ထားသည့် ရေတပ်စခန်းနှင့် ကီလိုမီတာအနည်းငယ်အကွာရှိ ဆီအာနော့ဗေးဆိပ်ကမ်းမြို့သို့ ဆိုက်ကပ်လာခြင်းဖြစ်ပြီး ကမ္ဘောဒီးယားရေတပ်မှ တာဝန်ရှိသူများကကြိုဆိုသည်။

အဆိုပါအမေရိကန်စစ်ရေယာဉ်၏ခရီးစဉ်သည် ငါးရက်ကြာမြင့်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြားဆက်ဆံရေးကိုတိုးမြှင့်ကာ ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ၂၀၁၇ ခုနှစ်မှစ၍ ကမ္ဘောဒီးယားနိုင်ငံသို့ချစ်ကြည်ရေးခရီးလာရောက်သည့် အမေရိကန်စစ်ရေယာဉ်စုစုပေါင်း ၂၇ စင်းရှိပြီဖြစ်ကြောင်းနှင့် ဇွန်လတွင်အမေရိကန်ကာကွယ်ရေးဝန်ကြီးလွိုက်အော်စတင်က ကမ္ဘောဒီးယားနိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်ပြီးနောက် ယခုကဲ့သို့စစ်ရေယာဉ်အလည်အပတ်လာရောက်ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

Ref: TST



# ဘင်္ဂလားဒေ့ရှ်က လာမည့်နှစ်ကုန်ပိုင်းတွင် ရွေးကောက်ပွဲကျင်းပမည်

**ဒါကာ၊ ပြည်တွင်းရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို လာမည့်နှစ်ကုန်ပိုင်းတွင်ကျင်းပပေးသွားမည်ဖြစ်ကြောင်း နိုင်ငံ၏အိမ်စောင့်အစိုးရအဖွဲ့ခေါင်းဆောင် မိုဟာမတ်ယူနွတ်က ဒီဇင်ဘာလ ၁၆ ရက်တွင်ပြောသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာအနေဖြင့် နိုင်ငံမှထွက်ပြေးသွားပြီးနောက် မိုဟာမတ်ယူနွတ်က အိမ်စောင့်အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူထားခြင်းဖြစ်ပြီး မည်သည့်အချိန်တွင် ရွေးကောက်ပွဲကျင်းပပေးမည်နှင့်ပတ်သက်၍ မေးခွန်းထုတ်ခြင်းခံနေရသူဖြစ်သည်။

လက်ရှိတွင် ရွေးကောက်ပွဲကျင်းပမှုနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် ကော်မရှင်များကိုဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီများ သဘောတူသည့်ရက်တွင် ရွေးကောက်ပွဲကျင်းပပေးမည်ဖြစ်ကြောင်း ယူနွတ်ကပြောထားသည်။

Ref: RTA

## သတင်းတိုကဏ္ဍ

### အမေရိကန်နှင့်ဗြိတိန်တို့ပူးပေါင်းပြီး ယီမင်ရှိဟူသီပစ်မှတ်များကို လေကြောင်းမှတိုက်ခိုက်

အမေရိကန်လေတပ်နှင့် ဗြိတိန်လေတပ်တို့ပူးပေါင်းပြီး ယီမင်နိုင်ငံရှိဟူသီတို့၏ပစ်မှတ်အမြောက်အမြားကို တိုက်ခိုက်မှုများလုပ်ဆောင်သည်ဟု ဟူသီအဖွဲ့၏ သတင်းဌာနတစ်ခုဖြစ်သော အယ်မာဆီရာရုပ်မြင်သံကြားဌာနက ဒီဇင်ဘာလ ၁၅ ရက်တွင်ဖော်ပြထားသည်။

ယခုကဲ့သို့ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းသည် အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့ပူးပေါင်းပြီး ဆာဒါးနှင့်အမ်မရမ်ဒေသတို့အပေါ်တိုက်ခိုက်သည့် နိုဝင်ဘာလလယ်မှစ၍ ပထမဆုံးဖြစ်သည်။

ဟူသီအဖွဲ့သည် ယီမင်နိုင်ငံအတွင်းရှိဒေသများစွာကို ထိန်းချုပ်ထားသည့်အဖွဲ့ဖြစ်ကာ ပြီးခဲ့သည့်နှစ်အောက်တိုဘာလမှစ၍ ပင်လယ်နီအတွင်းဖြတ်သန်းသွားလာနေသော အမေရိကန်၊ အစ္စရေးတို့နှင့်ဆက်စပ်သည့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။ ထို့ပြင် အစ္စရေးက ဂါဇာရှိဟားမက်တို့အပေါ်စစ်ကြေညာပြီးနောက် ယီမင်အဖွဲ့က ဒုံးကျည်များ၊ ဒရုန်းများအသုံးပြု၍တိုက်ခိုက်နေသည့် ကုန်တင်သင်္ဘောအစင်း ၈၀ ရှိနေပြီဖြစ်သည်။ Ref: RT

### ယူဂန်ဒါနိုင်ငံ၌ ပဟေဠိဆန်သော လှုပ်ခါနေလိုသည့် ရောဂါကူးစက်ခံရသူ ၃၀၀ ဝန်းကျင်ခန့်ရှိလာ

ယူဂန်ဒါနိုင်ငံ၌ ပဟေဠိဆန်သော လှုပ်ခါနေလိုသည့်ရောဂါကူးစက်ခံရသူ ၃၀၀ ဝန်းကျင်ရှိနေပြီဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက သီတင်းပတ်အကုန်ပိုင်းတွင်ထုတ်ပြန်ထားသည်။

ထိုရောဂါ၏အမျိုးအမည်ကို တိတိကျကျမသိရသေးသော်လည်း ဒေသခံများကမူ ယင်းရောဂါကို ဒင်ဂါဒင်ဂါရောဂါဟူ၍ အမည်ပေးထားသည်။ ဒင်ဂါဒင်ဂါဆိုသည်မှာ ကနေသကဲ့သို့လှုပ်ခါနေခြင်းဖြစ်သည်ဟုအဓိပ္ပာယ်ရသည်။ မည်သည့်နည်းဖြင့် ထိုရောဂါကူးစက်ခံရသည်ကိုမသိရသေးသော်လည်း ရောဂါကူးစက်ခံရသူများသည် ဖျားခြင်းနှင့် လမ်းလျှောက်ရန်ပင်ခက်ခဲသည့် လှုပ်ခါနေလိုခြင်းကဲ့သို့ ရောဂါလက္ခဏာများကိုခံစားရသည်။

အမျိုးသမီးများနှင့်မိန်းကလေးငယ်များကို အဓိကကူးစက်လေ့ရှိသည့် ထိုရောဂါပျံ့နှံ့မှုက လွန်ခဲ့သောလပေါင်းများစွာကတည်းကစတင်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ Ref: RT

### အစ္စရေးက ဆီးရီးယားမှသိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်၌ ဂျူးလူမျိုးများကိုပိုမိုနေရာချထားမည်

အစ္စရေးအစိုးရအဖွဲ့က ဆီးရီးယားမှသိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်ဒေသ၌ ဂျူးလူမျိုးများကို ပိုမိုနေရာချထားပေးမည်ဖြစ်ကြောင်းနှင့် ထိုကုန်းမြင့်ဒေသ၌ ဂျူးလူမျိုးများနေထိုင်ခြင်းက နိုင်ငံ၏လုံခြုံရေးအတွက် များစွာအရေးပါနေကြောင်း အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုကပြောသည်။

ဂိုလန်ကုန်းမြင့်ဒေသကို ခိုင်မာအောင်လုပ်ဆောင်ခြင်းသည် အစ္စရေးနိုင်ငံကို ခိုင်မာအောင်လုပ်ဆောင်ခြင်းဖြစ်သောကြောင့် ထိုဒေသကို အစ္စရေးနိုင်ငံက ဆက်လက်သိမ်းပိုက်ထားမည်ဖြစ်ကြောင်း နေတန်ယာဟု၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံသည် ၁၉၆၇ ခုနှစ်တွင်ဖြစ်ပွားသော ခြောက်ရက်ကြာစစ်ပွဲ၌ ဆီးရီးယားမှ ဂိုလန်ကုန်းမြင့်ကိုသိမ်းပိုက်ခြင်းဖြစ်ပြီး ၁၉၈၁ ခုနှစ်တွင် ၎င်းတို့ပိုင်ဆိုင်သောဒေသအဖြစ် တစ်ဖက်သတ်သတ်မှတ်လိုက်ခြင်းဖြစ်သည်။ လက်ရှိတွင် ဂိုလန်ကုန်းမြင့်ဒေသ၌ ဂျူးလူမျိုး ၂၀၀၀၀ ခန့်နေထိုင်လျက်ရှိကြောင်းသိရသည်။

Ref: Xinhua

### တောင်ကိုရီးယားအာဏာရပါတီခေါင်းဆောင် ရာထူးမှနုတ်ထွက်

တောင်ကိုရီးယားနိုင်ငံ၏ အာဏာရပါတီဖြစ်သော ပြည်သူ့အင်အားပါတီမှ ခေါင်းဆောင် ဟန်ဒေါင်ဟွန်းကရာထူးမှနုတ်ထွက်ကြောင်း ဒီဇင်ဘာလ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဒီဇင်ဘာလအစောပိုင်းတွင် နိုင်ငံတစ်ဝန်း စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်လိုက်သည့် တောင်ကိုရီးယားသမ္မတယွန်ဆက်ယိုအား လွှတ်တော်ကရာထူးမှဖြုတ်ချသည့် အဆိုကိုအတည်ပြုပြီးနောက် ဟန်ဒေါင်ဟွန်းက ပါတီဥက္ကဋ္ဌရာထူးမှနုတ်ထွက်သည်ဟု လွှတ်တော်သတင်းစာရှင်းလင်းပွဲ၌တရားဝင်ကြေညာခြင်းဖြစ်သည်။

လွှတ်တော်က ယွန်ဆက်ယိုကို ရာထူးမှဖြုတ်ချသည့်အဆိုအတည်ပြုမှုအပေါ် အာဏာရပါတီအနေဖြင့် တားမြစ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ပါတီဦးဆောင်ကောင်စီ၏သဘောထားဆန္ဒအရ ပါတီဥက္ကဋ္ဌရာထူးမှနုတ်ထွက်ရခြင်းဖြစ်သည်ဟု ဟန်ဒေါင်ဟွန်းကဆက်ပြောသည်။

ယွန်ဆက်ယိုကို သမ္မတရာထူးမှဖြုတ်ချနိုင်ရေးအတွက် အတိုက်အခံပါတီများက လွှတ်တော်သို့နှစ်ကြိမ်တိုင်တိုင်အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။ Ref: RT

# တရားမဝင် သစ်မျိုးစုံ၊ ခဲသတ္တုများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၁၃ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ ရေဝတီတံတားအနီး၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

